လွန်ခဲ့သောထောင်စုနှစ်နှစ်ခုအချိန်တွင် တမန်တော် ပေါလုက "ထိုလက်နက်အားဖြင့် လူတို့၏အကြံအစည်တို့ကိုငှင်း၊ ဘုရားသခင်ကို သိသောပညာကို ဆီးတားသော မာန်မာနရှိသမျှတို့ကိုငှင်း၊ နှိမ့်ချမှောက်လှန်၍ ခပ်သိမ်းသောစိတ်တို့ကို ဘမ်းသွားချုပ်ထားလျက် ခရစ်တော်၏စကားကို နားထောင်ကြစေကြ၏" ဟုရေးခဲ့ပါသည် (၂ ကောရိသု ၁၀း၅)။ လွန်ခဲ့သောနှစ်ပေါင်း ၂၀၀ ခန့်တွင် လူအများသည် ဘုရားသခင်ကို သိရှိနားလည်ခြင်းကို ငြင်းဆန်ခဲ့ကြပြီး "သဘာဝဖြစ်စဉ်တွင် အလုံးစုံပြည့်စုံမှု" ရှိသည်ဟုပြောဆိုကြသည်။ အရာခပ်သိမ်း၏ သမိုင်း နှင့်မူလဇစ်မြစ်အကြောင်းကို သဘာဝဖြစ်စဉ် (nature) အားဖြင့်သာ ရှင်းချက်ထုတ်နိုင်သည်ဟုဆိုကြသည်။ ထို့ကြောင့် "သဘာဝသမိုင်းဝါဒီ" (historical naturalism) အားဖြင့် ဘုရားအကြောင်း သက်သေအထောက်အထား မပြနိုင်ပါ။

မဟာစကြာဝဠာကြီး စတင်ဖြစ်ပေါ်စေမည့်ပေါက်ကွဲမှုကြီး (the big bang) နှင့် သက်ရှိဆိုင်ရာဆင့်ကဲဖြစ်စဉ် (biological evolution) တို့အားလုံးသည် သဘာဝဖြစ်စဉ် ကိုသာလက်ခံကြသည်။ ဤသီအိုရီသုံးမျိုးက သဘာဝဖြစ်စဉ်ကို ထောက်ခံထားခြင်းသည် အံ့သြစရာဖြစ်ပါသလား။

ကမ္ဘာဦးကျမ်း (၁-၁၁)တွင် တွေ့ရှိရသောသမိုင်းဆိုင်ရာ ဓမ္မဟောင်းကျမ်း၏ အချက်အလက်အထောက်အထားများနှင့် ဤသီအိုရီသုံးမျိုးတို့သည် ဆန့်ကျင်လျှက် ရှိပါသည်။ (ကမ္ဘာဦးကျမ်း '၁' တစ်ကျမ်းတည်းသာ မဟုတ်ပါ) အရာခပ်သိမ်းအားလုံးတို့၏ မူလအစသမိုင်းအကြောင်းကို သမ္မာကျမ်းစာ၊ သမိုင်းနှင့်သိပ္ပံနည်းစနစ် အရအထောက်အထားများကို ကမ္ဘာဦးကျမ်း ၁-၁၁ တွင်တွေ့ရှိနိုင်ပါသည်။ ဤစာအုပ်တွင် ကမ္ဘာဦးကျမ်းအား သမိုင်းအဖြစ်လက်ခံရသော အချက် ၁၅ ချက်ကို ရှင်းလင်းဖော်ပြထားပါသည်။ အခြားသောအရင်းအမြစ်အချက် အလက်များမှ သိပ္ပံနည်းကျဖော်ပြချက်များကို အထောက်အကူပြုစေပါသည်။

## ၁။ ဓမ္မဟောင်းကျမ်းကို သမိုင်းအဖြစ်ယေရှုနားလည်ခြင်း။

ဓမ္မဟောင်းကျမ်းများသည် လူသားတို့ရေးသားသော ကျမ်းများဖြစ်သော်လည်း

ယေရှုကဘုရားသခင် ၏နှုတ်ကပတ်တော်၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် မှုတ်သွင်းထားသောကျမ်းများ အဖြစ်လက်ခံခဲ့ပါသည်။ (မဿဲ ၁၉း၄–၅၊ ၂၂း၃၁–၃၂၊ ၄၃။ မာကု ၁၂း၂၆။ လုကာ ၂၀း၃၇)။ သို့ပါ၍ ပညတ္တိကျမ်း၌အငယ် ဆုံးသောစာလုံးဗိန္ဒုတစ်လုံးမျှပြည့်စုံခြင်းသို့ မရောက်မှီ မပျက်စီးရ (မဿဲ ၅း၁၈။ လုကာ ၁၆း၁၇)။ ယေရှုက ဓမ္မဟောင်း ကျမ်းအားလုံးကို တန်ခိုးအာဏာရှိသော ကျမ်းများအဖြစ် ဟောကြားပြီး ကျမ်းစာပြုစုရာတွင် စစ်မှန်သောရွေးချယ်မှုဖြစ်ကြောင်း ယုံကြည်သည်။ ရှေးယခင်မှ ပညာမဲ့များ၏ရေးသားချက်များအဖြစ် မသတ်မှတ်ပဲကျမ်းစာ ရှိမည်သည့်အပိုင်းမှသည် မပြည့်စုံခြင်းမရှိပါ။

သခင်ယေရှုက ၄င်းကျမ်းချက်များကို ရှင်းလင်းဟောကြားရာတွင်လည်း ၄င်းတို့၏ အနက်အဓိပ္ပာယ်များကို မှန်ကန်သောနည်းလမ်းဖြင့် (exegesis) စနစ်တကျအဓိပ္ပာယ် ဖွင့်ဆိုခဲ့ပြီး ကိုယ်လိုရာသို့ဆွဲပြီး (exegesis) အဓိပ္ပာယ်ဖွင့်ဆိုဟောကြားမရှိခဲ့ပါ။ ကျမ်းစာထဲမှာ အချက်များကို ကြည့်ပြီး ဘုရားသခင်၏ဖွင့်ဟချက်ကို ရှာဖွေခြင်းဖြစ်ပြီး လက်ခံစရာကောင်းသောအချက်များကို ရှာဖွေဖတ်ရှုခြင်းမဟုတ်ပေ။

ဤအရာသည် စာအုပ်ကိုကိုးကွယ်မှုပြုခြင်း (Bibliotary) လည်းမဟုတ်ပေ။ သမ္မာကျမ်းကို လက်ခံယုံကြည်သောသူသည် ကျမ်း၌ရေးသားထားသောအချက်များကို ဘုရားသခင်အသက်သွင်းသည်ဟုလက်ခံထားခြင်းဖြစ်ပါသည်။ ယုံကြည်သူခရစ်ယာန်များက သခင်ယေရှုကို ၄င်းတို့၏သခင်အဖြစ် လက်ခံထားသောကြောင့် ယေရှုခေါ် ဆောင်ရာသို့လိုက်နာခြင်းသက်သက်လည်းမဟုတ်ပါ။ ယေရှုကိုယ်တိုင်က "ကျမ်းစာလာသည်" (ဓမ္မဟောင်းကျမ်းကိုညွှန်းလျက်) ဟူ၍၄င်း၊ "အသင်တို့မဖတ်ရှုသလော့" ဟူ၍ပြန်ပြောတော်မူတတ်ပေသည်။ လူအများက ကျမ်းစာကို လျစ်လျူပြုခြင်းအပေါ် ယေရှုသဝန်တိုခဲ့သည် မဟုတ်၊ နားမလည်ခဲ့သောအချက်အပေါ် ပြင်းထန်စွာဝေဖန်အပြစ်တင်ခဲ့ပါသည်။ (မဿဲ ၂၂း၂၉။ မာကု ၁၂း၂၄)။ ယနေ့ကျမ်းစာကို လက်မခံသောသူများကိုပင် ယေရှုက သမ္မာကျမ်း၏သမိုင်းဆိုင်ရာမှန်ကန်မှုကို အတည်ပြုခဲ့ပါ၏။ (အကြောင်းပြချက် ၂ ကို ကြည့်ရန်)

မှားယွင်းမှုမရှိနိုင် (inerrancy) ဆိုသောဝေါဟာရသည်လည်း ယေရှု၏ ကျမ်းချက်များမှတ်သွင်းခြင်းကို ယုံကြည်လက်ခံမှုမှပေါက်ဖွားလာရသည်။ ဘုရားသခင်က အဘယ်သို့မှားယွင်းစွာမှတ်သွင်းမည်နည်း။ အကယ်၍ ကျမ်းစာ၌ မှားယွင်းမှုရှိပြီး ၎င်းအချက်ကို လက်ခံသောသူတို့သည် ဘုရားသခင်၏အခွင့်အာဏာရှိမှုကို သိမ်းယူ ၍ မိမိကိုကိုယ်စီရင်ပိုင်ခွင့်ရှိသူအဖြစ်သတ်မှတ်ခြင်းဖြစ်သည်။

အယူသီး၍ အစွန်းရောက်နေကြသော လစ်ဘရယ်ဝါဒီ (Liberal) များက "ယေရှုအားဝေဖန်" ရာတွင် ဓမ္မဟောင်းကျမ်းမှယေရှုအားညွှန်းနေခြင်းများသည် ယေရှုကိုယ်တိုင်က မိမိအကြောင်းပြောခြင်းဖြစ်သည် ဟုပြောကြပါသည်။

သမ္မာကျမ်းစာသည် တန်ခိုးအာဏာမဲ့နေလျှင် "မိမိ၏ရန်သူကို ချစ်လော့" (သို့) သူ့ဥစ္စာကို မခိုးနှင့် (သို့) ကိုယ်အပြစ်တို့ကို ဖော်ပြတောင်းပန်လျှင် ငါတို့အပြစ်များကို လွှတ်၍ ဒုစရိုက်ရှိသမျှနှင့်ကင်းစင်စေခြင်းငှာ ဘုရားသခင်သည် သစ္စာတရားနှင့်၎င်း၊ ဖြောင့်မတ်ခြင်းတစ်ရားနှင့်၎င်းပြည့်စုံတော်မူ၏ဟူသော ကျမ်းချက်များသည် မှားယွင်းသောအဆိုများဖြစ်ပေလိမ့်မည်။

အချို့သူများက "သမ္မာတရားသည် ယုံကြည်ခြင်းနှင့်လက်တွေ့ကျင့်ကြံရာ၌ အခွင့်အာဏာရှိသည်" ဟုဆိုကြ၏။ ဤအဆိုသည်လည်း လွန်စွာအန္တရာယ်ရှိပါသည်။ သမ္မာကျမ်းစာကို သမိုင်းအနေဖြင့် လက်မခံနိုင်လျှင် အန္တရာယ်ရှိသည်။ ဥပမာ သမ္မာကျမ်းစာကို အဘယ်သို့အားဖြင့် ယုံကြည်ခြင်းနှင့်လက်တွေ့ကျင့်ကြံရာ၌ လက်ခံနိုင်သနည်း။ လုကာ ၁၆း၃၁ တွင် "သူတို့သည် မောရှေ၏စကား၊ ပရောဖက်တို့၏ စကားကို နားမထောင်လျှင် တစ်ယောက်သောသူသည် သေခြင်းမှထမြောက်သော်လည်း မယုံကြည်နိုင်ကြ" ဟုတွေ့ရှိရသည်။ သမ္မာကျမ်းစာကို ကမ္ဘာမြေကြီးဆိုင်ရာအဖြစ် လက်မခံနိုင်လျှင် (၎င်း၌ဖန်ဆင်းခြင်းနှင့်ဖြစ်ပျက်မှုဆိုင်ရာအစဉ်) ကောင်းကင်နိုင်ငံဆိုင်ရာများ (အပြစ်ခွင့်လွှတ်ခြင်း) ကောင်းကင်နှင့်အကျင့်ကောင်းဆိုင်ရာစာရိတ္တကို မည်သို့ ယုံကြည်နိုင်မည်နည်း။

မှားယွင်းမှုမရှိနိုင်ခြင်းအပေါ် ချီကာဂိုကြော်ငြာစာတမ်း Chicago Statement သည်

အီဗက်ဂျယ်လီကယ် (Evangelical) တို့အကြား၌ စံပြဖြစ်ပြီး ယေရှု၏ဟောကြားချက်ဖြစ်သော သမ္မာကျမ်းစာပြောသောစကားသည် ဘုရားသခင်ပြောကြားသောစကားဖြစ်သည်ဆိုသည့်အချက်နှင့်လည်း သဘောချင်းကိုက်ညီမှုရှိသည်။

မှားယွင်းမှုမရှိနိုင်ခြင်းဆိုရာတွင် လူသားတို့၏သစ်သားနှင့်ဆိုင်သော စာပေအရေးအသား (wooden literalism) ၌ လုံးဝအမှားမရှိခြင်းကိုမဆိုလိုပါ။ ဆိုလိုသည်မှာ စံညွှန်း၊ ရှေးရိုးစွဲ (orthodox) သမိုင်းဆိုင်ရာ အချိန်များ၏ဖော်ပြမှုတို့က ရေးပုံရေးနည်းများဖြစ်သော ဥပစာ/တင်စားသော၊ အတိသယဝုတ္တိများကို အသိအမှတ်ပြု လက်ခံခြင်းသာဖြစ်သည်။ ကမ္ဘာဦးကျမ်း ၁–၁၁ များကိုလည်း စာပေဆိုင်ရာသမိုင်းအဖြစ်လက်ခံခြင်းပင်ဖြစ်၏။ ကျမ်းတတ်ပုဂ္ဂိုလ် J.P Morel and ESifh Wm. Dembski တို့၏အဆိုကိုလည်းရှုလော့။

## ၂။ အာဒံ၊ ဧဝနှင့်နောဧတို့အား သမိုင်း၌ ရှိခဲ့သော ပုဂ္ဂိုလ်များအဖြစ် ယေရှု လက်ခံခဲ့သည်။

ယေရှုက လက်မခံသူများငြင်းဆိုသော အတိတ်ကအဖြစ်အပျက်နှင့်လူပုဂ္ဂိုလ်များကို ယုံကြည်လက်ခံခဲ့သည်။ ဥပမာ အာဒံနှင့်ဧဝ (မဿဲ ၁၉း၃–၆။ မာကု ၁၀း၂–၉) နှင့် အာဗေလ (လုကာ ၁၁း၅၁) နောဧနှင့်ရေလွှမ်းမိုးခြင်း (မဿဲ ၂၄း၃၇–၃၉။ လုကာ ၁၇း၂၆–၂၇)၊ အာဗြဟံ (ယောဟန် ၈း၅၆–၅၈)၊ သောဒုံမြို့နှင့်ဂေါမောရမြို့ (မဿဲ ၁၀း၁၅၊ ၁၁း၂၃–၂၄)၊ ယောနနှင့် သူ၏နိမိတ်လက္ခဏာ (မဿဲ ၁၂း၃၉–၄၁)။ ယေရှုအားမှားယွင်းပြီး ကျွန်ုပ်တို့၏ကိုးကွယ်မှုနှင့် မထိုက်တန်ဟု ငြင်းပယ်သူတို့၏ အယူဝါဒသည်လည်း မှားယွင်းသည်။ ယေရှုက နှစ်ပေါင်းများစွာ အဆုံး၌ လူသားအစကို မထားပဲ ဖန်ဆင်းခြင်းအစ၌ထားခဲ့ပါသည် (မာကု ၁၀း၆၊ လုကာ ၁၁း၅၀–၅၁)။

ခရစ်တော်သာလျှင်ပြည့်စုံသောဘုရားဖြစ်ပြီး ဘုရားသခင်က ဘယ်သောအခါမျှ အမှားမပြုလုပ်ချေ။ အသင်းတော်အတွင်း၌ပင် ယေရှုခရစ်တော်၏လူ့ဇာတိခံယူမှု၌ မှားယွင်းသောအယူဝါဒများရှိခဲ့ပါသည်။ ဤအရာကို Kenotic heresy ဟုခေါ်ပါသည်။ ဖိလိပ္ပိ ၂း၆–၁၁ ၌တွေ့ရသော "မိမိအသရေကိုစွန့်ခြင်း" ဆိုတာ "နှုတ်ကပတ်တော်၏ လူ့ဇာတိအဖြစ်ခံယူခြင်း" (ယောဟန် ၂း၁၄) နှင့်တစ်ထပ်တည်းတူညီပါသည်။ ဘုရားသခင်၏

ပင်ကိုအရည်အချင်းအားနှုတ်ပစ်ခြင်းမဟုတ်ပါ။ အမှန်အားဖြင့် ယေရှုသည်သူ၏အစွမ်းသတ္တိ၊ အရာခပ်သိမ်းကို နားလည်သိရှိခြင်း၊ ဖခမည်းတော်၏တန်ခိုးအာဏာမှလွတ်မြောက်ခြင်း (ဤအချက်ကြောင့် ဒုတိယကြွလာမည့်ရက်ကိုလည်းမသိရှိခဲ့) ကို စွန့်လွှတ်ခဲ့ခြင်းဖြစ်ပါသည်။ သို့သော် သူ၏ကောင်းမြတ်ခြင်းနှင့်ပြည့်စုံခြင်း၊ သစ္စာတရား၌ပြည့်စုံခြင်းနှင့် ဂရုဏာတော်၌ ပြည့်စုံခြင်း အစရှိသော ပင်ကိုအရည်အချင်းများကိုဖြင့် မစွန့်လွှတ်ခဲ့ပေ။

ထို့ကြောင့် ယေရှုဟောကြားခဲ့သမျှသည် အာဏာရှိစွာဖြင့်ဟောကြားခဲ့ခြင်းဖြစ်ပါသည်။ (မဿဲ ၂၄း၃၅၊ ၂၈း၁၈) ယေရှုခရစ်တော်ကိုယ်တိုင်က "ဝိညာဉ်သာလျှင် အသက်ရှင်စေ၏။ ကိုယ်ကာယသည် အလျှင်းမတတ်နိုင်၊ ငါပြောသောစကားသည် ဝိညာဉ်ဖြစ်၏။ အသက် လည်းဖြစ်၏" ဟုမြွက်ကြားခဲ့၏ (ယောဟန် ၆း၆၃)။ သူကတည်ငြိမ်စွာပင် သတိပေးခဲ့ ပါသည်။

"အကြင်သူသည် ငါ့ကိုငှင်း၊ ငါ့စကားကိုငှင်းရက်၏။ လူသားသည် မိမိဘုန်း၊ မိမိအဘခမည်းတော်၏ဘုန်း၊ သန့်ရှင်းသောကောင်းကင်တမန်တို့၏ဘုန်းကို ဆောင်လျက်ကြွလာသောအခါ ထိုသူကိုရှက်တော်မူလတံ့။" (လုကာ ၉း၂၆)

ထို့အပြင် ယေရှုက ဖခမည်းတော်ဘုရားသခင်၏တန်ခိုးအာဏာအပြည့်ကိုလည်း ပြောခဲ့၏။ (ယောဟန် ၅း၃၀၊ ၈း၂၈) ၎င်းသည်ခပ်သိမ်းသောအရာကို သိရှိနားလည်သူဖြစ်၏။ မယုံကြည်သူများက ခရစ်တော်၏လူ့ဇာတိကြောင့် ယေရှုကမှားယွင်းခဲ့သည်ဟု ဆိုကြပါသော်လည်း ၎င်းတို့အဆိုအရဆိုလျှင် ဘုရားသခင်ကိုယ်တော် တိုင်မှားယွင်းရမည် ဖြစ်ပါသည်။

ဤဝေဖန်မှုများကလည်း အယူအဆနှစ်ချက်၌ရှုပ်ထွေးနေပါသည်။ *လူတို့၏ ကန့်သတ်ချက်ရှိခြင်းကို ဆီလျော်အောင်ပြုခြင်းနှင့်လူတို့၏မှားယွင်းမှုကို လိုက်၍နေခြင်း။* ပထမအချက်က ဒုတိယအချက်ကိုဖြစ်ပေါ်စေခြင်းမဟုတ်။ လေးနှစ်ရှိသော ကလေးကို မိခင်က "ကျွန်မ၏ဗိုက်ထဲ၌ ကြီးထွားလာခဲ့သည်" ဟုဆိုနိုင်သည်။ ဒါဟာ မှားယွင်းခြင်းမဟုတ်ပဲ ရှင်းလင်းစွာဖော်ပြခြင်းဖြစ်သည်။ ပြောင်းပြန်ပြောရလျှင် "ငှက်ကျားဖြူက သင်ထွက်လာသည်" ဟုဆိုလျှင် မှားယွင်းလိမ့်မည်။ ထိုနည်းတူစွာ ဘုရားသခင်ကလည်း

ရိုးရှင်းသောအဆိုကို ဖော်ပြ၏။ (ဥပမာ။ ယခုခေတ် သိပ္ပံပညာက ကမ္ဘာကြီးကို အချိန်ကန့်သတ်အတွင်းထားခြင်း) နှင့် မနုဿဗေဒအယူအဝါ ကို အသုံးပြုထားပါသည်။ ၎င်းဟာမှားယွင်းမှုမရှိဖူးပေ။

*ကန့်သတ်ချက်နှင့်အထင်မှားခြင်း။* သုံးပါးတစ်ဆူဘုရားမှဒုတိယပုဂ္ဂိုလ်သည် နာဇရက်မြို့သား ယေရှု၌လူအဖြစ်ဝင်စားသော အချိန်တွင် သူသည်သူ၏အရည်အသွေးဖြစ်သောခပ်သိမ်းကို သိရှိခြင်းမှာ အကန့်အသတ်ရှိခဲ့ပါ၏။ ဥပမာ။ အရာအားလုံးကိုမသိရှိခဲ့ပါ။ သို့သော် သူသည် အရာအားလုံးကို မှားယွင်းစွာ သိရှိခဲ့သည်ဟုမယူဆရပါ။ လူသားအားလုံး၏ နားလည်ခြင်းမှာ ကန့်သတ်ချက်ရှိသည်ဟုပြောရာတွင် လူတိုင်း၏သိရှိနားလည်ခြင်းသည် မှားယွင်းမှုချည်းဖြစ်သည်ဟုမယူဆနိုင်ပါ။

## ၃။ ကမ္ဘာဦးကျမ်းကို သမိုင်းအဖြစ်ရေးသားခဲ့သည်။

ကမ္ဘာဦးကျမ်း ၁–၁၀ ကို ရေးသားရာ၌ Hebrew ဘာသာစကားကို သုံးရာတွင် သမိုင်းဆိုင်ရာ အချက် အလက်များဖော်ပြရာ၌ သဒ္ဒါနည်းဆိုင်ရာအထူးရေးသားချက်ကို တွေ့ရှိရပါသည်။ ကမ္ဘာဦး ၁၂ ၌ သုံးထားသော သဒ္ဒါနှင့်ထပ်တူဖြစ်ပါသည်။ ထွက်မြောက်ရာကျမ်း၊ ယောရှုမှတ်စာ၊ တရားသူကြီးမှတ်စာနှင့်အခြားကျမ်းနှင့်လည်း သဒ္ဒါနည်းအရ တူညီလျက်ရှိ၏။ ဒါဟာကဗျာနှင့် ပုံဆောင်ပြသော ဇာတ်လမ်းလည်း မဟုတ်ပေ။ ကမ္ဘာဦးကျမ်းဟာ (နှင့် ........နှင့် ......... နှင့်) အစရှိသောသဒ္ဒါအသုံးအနှုန်းကို သုံးထားသဖြင့် သမိုင်းဆိုင်ရာ ရေးသားဟန်ဖြစ်နေပါသည်။ ကမ္ဘာဦးကျမ်း ၁ ၌သုံးထားသောကြိယာသည် အတိတ်ကဖြစ်ပျက်ခဲ့သောသမိုင်းကို ပြန်လည်ရေးသားရာ၌ အသုံးပြုသောကြိယာနှင့်ထပ်တူမျှဖြစ်ပါ၏။ ပထမကြိယာသည် “perfect” ဖြစ်ပြီး ၎င်းနှင့်ဆက်၍သုံးသောကြိယာများသည် “imperfect” ကြိယာများဖြစ်သည်။ ကမ္ဘာဦးကျမ်း ၁ ၌ပထမဦးဆုံးတွေ့ရသော “ဖန်ဆင်းတော်မူ၏” (Heb. bara) ကြိယာသည် perfect ကြိယာဖြစ်ပြီး ၎င်းနောက်သုံးထားသော ကြိယာများသည် ကြိယာများဖြစ်ကြောင်းတွေ့ရှိရသည်။ ဟေဗြဲလူမျိုးတို့၏ကဗျာ ရေး ဖွဲ့သည်အရေးအသား (parallelisms) ကို ဆာလံကျမ်း၌များစွာတွေ့ရှိနိုင်သော်လည်း ကမ္ဘာဦးကျမ်း၌

မရှိသလောက်ရှားပါးသည်။ တစ်ယောက်ယောက်ကကောက်နှုတ်ထားလျှင်မူ တွေ့ရတတ်သည်။

ကြိယာဖွဲ့စည်းပုံအရ အပြိုင်ဖြစ်နေသောကျမ်းချက်မှာ ကမ္ဘာဦးကျမ်း ၁ နှင့်တောလည်ရာကျမ်း ၇း၁၀–၈၄ တို့ဖြစ်သည်။ ဤကျမ်းချက်နှစ်ခု၌ နေ့ရက်များကို အစီအစဉ်အလိုက်ရေးသားထားပါသည်။ တောလည်ရာ ကျမ်း ၇ ၌ ဣသရေလလူမျိုးမျိုးနွယ်စု ၁၂ စုတို့သည် မတူသောနေ့ရက်များတွင် လှူဖွယ်ပစ္စည်းများကို ဘုရားသခင်ထံ ဆက်ကပ်လှူဒါန်းခဲ့ကြပါသည်။

– ပထမနေ့၌ယုဒအမျိုး၊ အမိနဒပ်သားနာရှုန်ဆက်သော ပူဇော်သက္ကာဟူမူကား......

– ဒုတိယနေ့၌ဣသခါအမျိုးတွင် မင်းဖြစ်သောဇုအာသား၊ နာသနေလဆက်သော ပူဇော်သက္ကာဟူမူကား ......

– တတိယနေ့၌ ဆဗုန်လုန်အမျိုးတွင် မင်းဖြစ်သောဟေလုန်သား လျောဘ ဆက်သော ပူဇော်သက္ကာဟူမူကား ......

– ဒွါသမနေ့၌ နဿလိအမျိုးတွင် မင်းဖြစ်သော နန်သားအဟိရဆက်သော ပူဇော်သက္ကာဟူမူကား ......

တောလည်ရာကျမ်း ၇ တွင်တွေ့ရသောနေ့များသည် တစ်ရက်မှ နောက်ဆုံးရက်အထိ တစ်ရက်ချင်းကို တွေ့ရပြီး အဖွင့်နေ့နှင့်အပိတ်နေ့များတွင် သုံးသော (အခန်းငယ် ၁၀၊ ၈၄) "နေ့၌" သည် ပုံမှန်နေ့ရက်များကို စုပေါင်းထားခြင်းဖြစ်သည်။ ဒါကြောင့် တောလည်ရာကျမ်း ၇ ၌တွေ့ရသောနေ့များသည် ပုံမှန်နေ့ရက်ရှိ ၂၄ နာရီအချိန်ကို ဖော်ညွှန်းနေ၏။ ကမ္ဘာဦးကျမ်း ၂း၄ မှာတွေ့ရတဲ့ "ဖန်ဆင်းတော်မူသောနေ့" ဟူသောအချိန်သည် ဘုရားရှင်၏ဖန်ဆင်းတော်မူသော ရက်သတ္တပတ်ကို ညွှန်းလျှက်ရှိပါသည်။ ၎င်းက ကမ္ဘာဦးကျမ်း ၁ ၌တွေ့ရသော နေ့များ သည် normal-length မဟုတ်ကြောင်းဖော်ပြသည်။ ဒါဟာဟေဗြဲလူမျိုးများ၏ ဓလေ့သုံးစကား တုန်းက/သောအခါ "when" ကို သုံးထားခြင်းဖြစ်သည်။

တောလည်ရာကျမ်း ၇ ၌တွေ့ရှိရသော တစ်ခုနှင့်တစ်ခုဆက်စပ်နေသောနေ့ရက်များသည်

သီအောလိုဂျီ သင်ပြဆိုင်ရာ သင်ပြရာ၌ ကဗျာရေးဖွဲ့မှုပုံစံကို သုံးထားပြီး သမိုင်းမဖြစ်နိုင်ပါဟူ၍ မည်သူမျှပြော၍မရပါ။ တောလည်ရာကျမ်း ၇ ၌တွေ့ရသောနေ့များသည် ယခုပုံမှန်နေ့ရက်များဖြစ်ကြောင်း ယုံမှားစရာမရှိပေ။ ကမ္ဘာဦးကျမ်း ၁ ၌တွေ့ရသောနေ့များသည်လည်း ကြိယာအသုံးအနှုန်းအရ တူညီနေပါသဖြင့် ငြင်း၍မရပေ။ ထို့ကြောင့် ကမ္ဘာဦးကျမ်း ၁ သည် သမိုင်းဖြစ်စဉ်တစ်ခုဖြစ်ကြောင်းသေချာနေပါသည်။

ဟေဗြဲကျမ်းတက်ပုဂ္ဂိုလ်များသည် ကမ္ဘာဦးကျမ်းကို သမိုင်းဖြစ်စဉ်အားလုံး လက်ခံထားကြပါသည်။ ဥပမာ အားဖြင့် Oxford ရှိ ဟေဗြဲကျမ်းတက်ပုဂ္ဂိုလ် James Barr က ဤသို့ရေးသားခဲ့သည်။

" ....... ကမ္ဘာဦးကျမ်း ၁–၁၁ ရေးတဲ့သူဟာအောက်ဖော်ပြပါအချက်များကို ပေါ်လွင်စေကြောင်း လက်မခံနိုင်တဲ့ကမ္ဘာ့ထိပ်တန်း university က ဟေဗြဲ (သို့) ဓမ္မဟောင်းကျမ်းတက်ပုဂ္ဂိုလ် (prefessor) မရှိပါဘူးဆိုတာ ကျွန်တော်သိနေပါ၏။

(၁) ဖန်ဆင်းခြင်းများက ၆ ရက်တိုင်တစ်ဆက်ထဲဖြစ်ခဲ့၍ အဲဒီရက်တွေဟာလည်း ကျွန်တော်တို့သိနေတဲ့ ၂၄ နာရီရှိရက်များ ဖြစ်ကြပါသည်။

(၂) ကမ္ဘာဦးကျမ်းမှာပါရှိတဲ့ မျိုးရိုးဇီဇရင်းမြစ်ပုံသဏ္ဍာန် (fignures) များသည် သမိုင်းဝင်ဖြစ်ရပ်များကို ခေတ်၊ ကာလသတ်မှတ်သည့်ပညာရပ်အားဖြင့် ကြည့်လျှင်လည်း အစမှယခုခေတ်အထိ ကျမ်းစာလာများသည် အစစ်အမှန်များဖြစ်နေကြသည်။

(၃) နောဧခေတ်ရေလွှမ်းခြင်း (ရေလွှမ်းမိုးခြင်းသည်) တစ်ကမ္ဘာလုံးအပေါ်လွှမ်းမိုးခြင်းအဖြစ် နားလည်ရပြီး သင်္ဘောထဲ၌မရှိသော သက်ရှိ လူ၊ သတ္တဝါအားလုံးသေခြင်းသို့ ရောက်ခဲ့ကြရသည်။

Barr ဟာ သူ့ရဲ့အမြင်၌ ပျော်မွေ့ရန်နေလျှက် ကမ္ဘာဦးကျမ်းကို လက်မခံသော်လည်း ဟေဗြဲ စာရေးဆရာ၏အတွေးအမြင်ကိုမူ ရှင်းစွာနားလည်သိရှိခဲ့ပါ၏။ တစ်ချို့သော မယုံကြည်သူများက Barr ၏အထင်အမြင်အပေါ်ရှုံ့ချကြသည်။ ကမ္ဘာဦးကျမ်းသမိုင်းကို လက်မခံဟုစွပ်စွဲကြ၏။ သူဟာရန်ရန်လိုသော သက်သေဖြစ်သည်။ ကမ္ဘာဦးကျမ်းကို ဘာနှင့်မျှနှိုင်းယှဉ်၍ ညီညွတ်ခြင်းပြုစရာမလိုသောအချက်မှာ Barr က ကမ္ဘာဦးကျမ်း

ကို အခွင့်အာဏာမရှိသောကျမ်းအဖြစ် မှတ်ယူသောကြောင့်ဖြစ်၏။ ဒါပေမယ့် သူဟာကမ္ဘာဦး ကျမ်းရေးဖွဲ့သူ၏ရည်ရွယ်ချက်ကို ထောက်ပြခြင်းသာဖြစ်။ တစ်ချို့သောအီဗယ်ဂျယ်လီကယ် ကျမ်းတက်ပုဂ္ဂိုလ်များက ကမ္ဘာဦးကျမ်း၏သမိုင်းကို လက်မခံပဲ ၄င်း၏အခွင့်အာဏာပိုင်းကိုသာ လက်ခံထားကြပါသည်။ တစ်ချို့သော ဟေဗြဲကျမ်းတက်ပုဂ္ဂိုလ်များက ကမ္ဘာဦးကျမ်း၏ ဖန်ဆင်းခြင်းနေ့ရက်များကို တိုက်ရိုက်လက်ခံကြပါသည်။ ၄င်းတို့မှာ

* Dr. Andrew steinmann, Associa Professor of Theology and Hebrew at Concordia University in illinois.

* Dr. Robert McCabe, Professor of Old Testament at Detroit Baptist Theological Seminary in Allen Park, Michigan.

* Dr. Ting Wang, Lecturer in Biblical Hebrew at Stanford University.

## ၄။ အခြားသော ဓမ္မဟောင်းကျမ်းများက ကမ္ဘာဦးကျမ်းကို သမိုင်းအဖြစ်ဖော်ပြခြင်း။

သမ္မာကျမ်းစာကို အဓိပ္ပာယ်ဖွင့်ဆိုရှင်းလာခြင်း၌၄င်းကျမ်းစာကိုပင် အသုံးပြု၍ရှင်းလင်းတင်ပြခြင်းကိုသာ အများကအသုံးပြုနေကြပါသည်။ ကျမ်းစာမှ အချက်များကို အခြားသောကျမ်းပိုဒ်များက မည်သို့ပြောသနည်း ဆိုသောအချက်ကို ကျွန်တော်တို့စဉ်းစားရန်လိုအပ်ပါသည်။

ထွက်မြောက်ရာကျမ်း ၂၀း၁၁ တွင် ဖန်ဆင်းသောရက်သတ္တပတ်ကို ကောက်နှုတ်၍ တင်ပြထားပါသည်။ ၄င်းက အချိန်ကန့်သတ်ချက်မရှိခြင်းများအားလုံးကို ဖယ်ထုတ်ထားပါ သည်။ (၄င်းတို့မှာ day-age idea, gap theories, ဘုရားသခင်၏နေ့ရက်များ) သတ္တမနေ့ကို အလုပ်မလုပ်ပဲအနားယူရန် မိန့်ကြားခဲ့၏။

"သတ္တမ နေ့ရက်သည် သင်၏ဘုရားသခင်ထာဝရဘုရား၏ ဥပုသ်နေ့ဖြစ်၏။ ထိုနေ့၌ သင်မှစ၍ သင်၏သားသမီး၊ ကျွန်ယောကျ်ား မိန်းမ၊ တိရစ္ဆာန်၊ သင်၏တံခါးအတွင်း၌ နေသော ဧည့်သည် အာဂန္တုသည် အလုပ်မလုပ်ရ၊" (ထွက် ၂၀း၁၀)။

ထွက်မြောက်ရာ ၂၀း၁ ၌ "ဘုရားသခင်မိန့်တော်မူသော စကားများဟူမူကား..." ဟုတွေ့ရ၏။

ဤအရာသည် ဘုရားသခင်ကိုယ်တော်တိုင် မိန့်တော်မူသော စကားဖြစ်၍ မောရှေ (သို့) J, E, D, P အစရှိသော သူတို့၏စိတ်ကူးအကြံအစည်မဟုတ်ပါ။

ရာဇဝင်ချုပ်ပထမစောင် ၁ တွင် အကျဉ်းချုပ်ဖော်ပြထားသည်မှာမျိုးရိုးဗီဇသမိုင်းအစကို အာဒံမှအစပြုခဲ့ပြီး ကမ္ဘာဦးကျမ်း၌ပါရှိသည့်အတိုင်းဖော်ပြပါသည်။ အခြားသော ဓမ္မဟောင်းကျမ်းချက်များကလည်း ကမ္ဘာဦးကျမ်းကို သမိုင်းအဖြစ်လက်ခံဖော်ပြကြပါသည်။

## ၅။ ဓမ္မသစ်ကျမ်းများကလည်းကမ္ဘာဦးကျမ်း ၁–၁၁ ကို သမိုင်းအဖြစ်လက်ခံဖော်ပြကြသည်။

ဓမ္မသစ်ကျမ်းက ကမ္ဘာဦးကျမ်းကို မည်သို့အဓိပ္ပာယ်ဖွင့်ရှင်းလင်းပါသနည်း။ ဓမ္မသစ်ကျမ်းမှာ ကမ္ဘာဦးကျမ်း ၁–၁၁ ကို အကြိမ် ၁၀၀ မကကောက်နှုတ်ထားပါသည်။ ၎င်းအချက်များက သမိုင်းအဖြစ်ပြောကြားခြင်းမှအပ အခြားအရိပ်အယောင်များ လုံးဝရေးသားမထားပေ။ ယေရှု၏ဆွေစဉ်မျိုးဆက်ကို ဖော်ပြသော ရှင်လုကာ ၃ တွင်လည်း အာဒံမှအစပြုဖော်ပြ၍ ဘုရားသခင်၏သားတော်ဟုဖော်ပြပြီး မျောက်ဝံ၏သားဟုဖော်မပြပါ။ ရှေးယခင်က လူပုဂ္ဂိုလ်နာမည်များကို ဥပမာအဖြစ်အသုံးပြု၍ ပြောကြရာတွင် တစ်ကယ့်လူပုဂ္ဂိုလ်အစစ်အမှန်တွေအား ဘာကြောင့်ဥပမာအဖြစ်အသုံးပြုကြပါသနည်းဟု ကျွန်တော်တို့မေးကောင်းမေးနိုင်ပါသည်။ ဟေဗြဲသက ယုံကြည်ခြင်းဖခင်များစာရင်းကို အာဗေလမှအစပြုကာ ဧနောက်နှင့်နောဧတို့အားဖော်ပြထားပါသည်။ ၎င်းတို့အား သမိုင်း၌ထင်ရှားစွာရှိခဲ့ကြသော ပုဂ္ဂိုလ်များအဖြစ် ဖော်ပြထားခြင်းဖြစ်ပါသည်။ ၂ ပေ ၃ တွင် ဖန်ဆင်းခြင်းနှင့်ရေလွှမ်းမိုးခြင်းကို ဖော်ပြထားပါ၏။ ဤနေရာ၌သုံးထားသော ဂရိကြိယာသည် စကားလုံးသည် “Katakluzo” ဖြစ်ပါသည်။ ၎င်းသည် တစ်ကမ္ဘာလုံး ရေလွှမ်းမိုးခြင်းကို ညွှန်းနေပါသည်။ လုကာ ၆း၄၈ ၌ဖော်ပြထားသော ပုံမှန်ရေကြီးခြင်းကို ဖော်ပြရာ၌ ကြိယာ ‘Plemmura’ ကို သုံးထားပါသည်။

တမန်တော်ရှင်ပေါလုက ဖန်ဆင်းခြင်းကို ဖော်ပြရာ၌ အာဒံနှင့်ဧဝကို အစပြု၍ ဖော်ပြခဲ့ပြီး အာဒံကလှည့်ဖြားခြင်းမခံရပဲ မိန်းမသာလနှင့်လှည့်ဖြားခြင်းခံရသည့်အချက်ကို ဖော်ပြ၍ အသင်းတော်၌မိန်းမနှင့်ယောကျ်ား တို့နေထိုင်ရမည့်အချက်ကို ရေးသားခဲ့ပါသည်။

(၁ တိမောသေ ၂း၁၃-၁၄)။ လူသားပထမ၌ မျောက်ဝံများဖြင့် စခဲ့ပါက ဤအရေးအသားသည် အဓိပ္ပာယ်ရှိမည်မဟုတ်။ အကြောင်းမူကား မိန်းမသည် လူယောကျာ်းမှ ဖန်ဆင်းခြင်း ခံရသောကြောင့်ဖြစ်သည်။

## ၆။ ကမ္ဘာဦးကျမ်းလာသမိုင်းသည် ဘုရားသခင်၏ပင်ကိုဗီဇနှင့်လည်း ညီညွတ် ကိုက်ညီသည်။

ကမ္ဘာဦးကျမ်းမှဖော်ပြရာတွင် ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်အားဖြင့် အရာခပ်သိမ်းကို ဖန်ဆင်းထားကြောင်းတွေ့ရှိရ၏။ ဘုရားသခင်အမိန့်တော်ရှိ၍ အဖြစ်အပျက်ဖြစ်လာသည်။ ဆာလံ ၃၃း၉ ၌ "အကြောင်းမူကား ထာဝရဘုရားမြွက်ဆို၍ မြွက်ဆိုတော်မူသည်အတိုင်းဖြစ်၏။ အမိန့်တော်ရှိ၍ မိန့်တော်မူသည်အတိုင်း တည်လျက်နေ၏" ဟုတွေ့ရသည်။

ဘုရားသခင်ကိုယ်တော်ပြုခဲ့သောအရာများအား လူသားတို့ထံပြန်လည်ဖော်ပြရာ၌လည်း ဘုရားသခင်သာလျှင် အကောင်းဆုံးဖြစ်မည်ဟုထင်ကြပါသည်။ ကမ္ဘာဦးကျမ်းရှိ ဘုရားသခင်၏နှုတ်ကပတ်တော်က ဖန်ဆင်းခြင်း အမှုကိစ္စကို ကျွန်ုပ်တို့အားဖော်ပြနေပါသည်။ ဤအချက်အားဖြင့် အခြားသောကျမ်းစာများသည် ဘုရားသခင်၏အခွင့်အာဏာအကြောင်း ဖော်ပြချက်များနှင့်လည်း ညီညွတ်လျက်ရှိနေပါ၏။ ဘုရားသခင် အမိန့်ရှိလျှင် အဖြစ်အပျက်ရှိမြဲဖြစ်၏။ ရှင်မဿဲ ၈း၅-၁၃ ၌တွေ့ရသော တပ်မှူးနှင့်ယေရှုခရစ်တော်တို့၏ အပြန်အလှန်စကားကို နှိုင်းယှဉ်လျှက်တွေးကြည့်ပါအံ့။

ကပေရနောင်မြို့သို့ယေရှုကြွဝင်တော်မူလျှင် တပ်မှူးတစ်ယောက်သည် အထံတော်သို့လာ၍ "သခင်၊ ကျွန်တော်၏ငယ်သားတစ်ယောက်သည် လက်ခြေသေသည့်အနာနှင့်ပြင်းစွာခံရ၍ အိမ်တွင်တုံးလုံးနေပါသည်ဟု တောင်းပန်လေ၏။ ယေရှုကလည်း ငါလာ၍ချမ်းသာပေးမည်ဟုမိန့်တော်မူလျှင် တပ်မှူးက "သခင်၊ ကျွန်တော်၏ အိမ်မိုးအောက်သို့ ကြွဝင်တော်မူခြင်းကျေးဇူးတော်ကိုကျွန်တော်မခံထိုက်ပါ။ အမိန့်တော်တခွန်းရှိလျှင် ကျွန်တော်၏ ငယ်သားသည်ချမ်းသာရပါလိမ့်မည်၊ ဥပမာကား၊ ကျွန်တော်သည် မင်းအောက်၌ကျွန်ခံသောသူဖြစ်သော်လည်း စစ်သူရဲများကိုအုပ်စိုး၍

တစ်ဦးကိုသွားချေဟုဆိုလျှင်သွားပါ၏၊ တစ်ဦးကိုလာခဲ့ဟုဆိုလျှင်လာပါ၏၊ ကျွန်ကိုလည်း ဤအမှုကိုလုပ်တော့ဟုဆိုလျှင်လုပ်ပါ၏ ဟုတပ်မှူး လျှောက်လေ၏" (မဿဲ ၈း၈-၉)။

ယေရှုက ထိုစကားကိုကြားလျှင် အံ့သြခြင်းရှိ၍ "ငါအမှန်ဆိုသည်ကား၊ ဤမျှလောက်သောယုံကြည်ခြင်းကို ဣသရေလလူမျိုး၌ ငါမတွေ့ဖူးသေး။ ယေရှုက တပ်မှူးထံသို့ သင့်သွားလော့။ ယုံကြည်သည်နှင့်အညီ သင်၌ဖြစ်စေ" ဟုမိန့်တော်မူ၏။ ထိုခဏချင်းတွင် သူ၏ငယ်သားသည် အနာရောဂါကင်း၍ သက်သာခြင်းသို့ရောက်လေ၏။

တပ်မှူးက သူ၏ငယ်သားများသည် မိမိ၏အမိန့်ကို ချက်ချင်းလိုက်နာကြသည်ကို သိရှိသကဲ့သို့ အရှင်သခင်၏အမိန့်ကို ဖန်ဆင်းခံသက်ရှိလူတို့က အဘယ်သို့လိုက်နာရမည်ကို ကောင်းစွာသိရှိပါသည်။

ကမ္ဘာဦးကျမ်း၌လည်း အလားတူကိစ္စဖြစ်ရပ်ကို ကျွန်ုပ်တို့တွေ့ရှိရပါသည်။

- အမိန့် ။ ဘုရားသခင်ကလည်းအလင်းဖြစ်စေဟုအမိန့်တော်ရှိ၍ ......
- ဖြည့်စွမ်းမှု ။ အလင်းဖြစ်လေ၏။
- သတ်မှတ်ချက် ။ ထိုအမှုအရာကောင်းသည် ကိုဘုရားသခင်မြင်တော်မူ၏။
- နေ့ရက်အပိုင်း ။ ညဥ့်ဦးနှင့်နံနက်ရှိ၍ ၄င်းသည် ...... ရက်ဖြစ်လေ၏။

ဤအရာသည် ဘုရားသခင်ရဲ့အမိန့်တော်အတိုင်းဖြစ်ရှိခဲ့သောတစ်နေ့တာဖြစ်စဉ်ဖြစ်၍ သတ်မှတ်ချက်များပင် ၂၄ နာရီအတွင်းရှိခဲ့၏။ ကမ္ဘာဦးကျမ်းလာ ဖန်ဆင်းခြင်းအမှုကို အချိန်ကန့်သတ်ချက်မရှိပဲယုံကြည်ခြင်းသည် ဘုရားသခင်၏အမိန့်ကို လွန်ဆန်ခြင်းအရာ ရောက်၏။ ဖန်ဆင်းခံများ၏ ပြန်လည်တုံ့ပြန်ခြင်းအရာကိုလည်း ဖျက်စီး၏။ အခြားသောသမ္မာကျမ်းစာနှင့်လိုက်လျောညီညွတ်ခြင်းကိုလည်း ပျက်စေ၏။

## ၇။ ကမ္ဘာဦးကျမ်းကို သမိုင်းအဖြစ်လက်ခံခြင်းက သေခြင်းနှင့်ဆင်းရဲဒုက္ခအစကို ဖော်ပြရှင်းလင်းသည်။

ဘုရားသခင်သည် မိမိဖန်ဆင်းသမျှသောအရာကို ကြည့်လျှင် အလွန်ကောင်းသည် ဟုမြင်တော်မူ၏။ သို့ရာတွင် ယနေ့၌ ၄င်းအရာတို့သည် "အလွန်ကောင်းသည်" ဟုမမြင်ရတော့ပါ။ သေခြင်းနှင့်ဒုက္ခဆင်းရဲအမျိုးမျိုးတို့သည် ဘုရားသခင်ဖန်ဆင်းသော

ဤကမ္ဘာ၌များစွာတွေ့ရှိနေရပါပြီ။ ဖျက်ဆီးခံရမည့် နောက်ဆုံးရန်သူသည် သေမင်းဖြစ်၏ (၁ ကောရိသု ၁၅း၂၆)။ ကြားကာလဖြစ်ရပ်ဖြစ်သည်။

သမ္မာကျမ်းစာတွင် လူသားတို့သေခြင်းသည် လူသားတို့အပြစ်၌ ကျဆုံးခြင်း (The Fall) မှစတင်သည်ဟု တိကျစွာဖော်ပြနေပါသည်။ (ရောမ ၅း၁၂–၁၉ နှင့် ၁ ကောရိသု ၁၅း၂၁–၂၂) ဒုတိယအချက်သည် ပထမလူသား အာဒံ၏သေခြင်းနှင့် နောက်ဆုံးသော လူသားအာဒံ (ယေရှု) ၏ ရှင်ပြန်ထမြောက်ခြင်းတို့ဆန့်ကျင်လျက်ရှိသည်။

ရှေးကာလျဖြစ်တည်ပုံကို ယုံကြည်သောသူများအတွက် ပြဿနာရှိပါသည်။ ၎င်းတို့တွေ့ရှိချက်များအရ ကျောက်ဖြစ်ရုပ်ကြွင်းများသည် အာဒံထက်နှစ်ပေါင်းကြာရှည်နေကြသောကြောင့် ဖြစ်ပါ၏။ ဥပမာ။ Homo Sapiens ကျောက်ဖြစ်ရုပ်ကြွင်းများသည် ၎င်းတို့၏တွက်ချက်အရနှစ်ပေါင်း ၁၆၀၀၀၀ မျှရှိနေသည်။ Homo Sapiens တို့၏ ဦးခေါင်းခွံတို့သည် အီသီယိုပီးယားအနောက်တောင်ဖက်၌ ၁၉၆၇ ခုနှစ်တွင်တွေ့ရှိခဲ့၍ ၎င်းတို့သည် နှစ်ပေါင်း ၁၉၅၀၀၀ ကြာမြင့်ခဲ့ကြောင်းဖော်ပြကြပါသည်။

မည်သို့ပင်ဖြစ်စေ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်လာရန်သေခြင်းတရားသည် လိုအပ်၏။ သမ္မာကျမ်းစာလက်ကိုင်ထားသူတို့နှင့်ယခုခေတ် (သဘာဝပိုင်းဆိုင်ရာသမိုင်း) အယူအဆများက နှစ်ပေါင်းများစွာဖြစ်တည်မှုကို လက်ခံပါသည်။ သို့သော် နှစ်ပေါင်းများစွာဟူသော အဓိပ္ပာယ်မှာ အဘယ်သို့နည်း။ တွေးခေါ်၍ပင်မရသောနှစ်ပေါင်း များစွာကာလများသည် လေထုထဲ၌မျောပါလွင့်ပါးခြင်းမဟုတ်။ အစစ်အမှန်နှင့်လည်းဆက်စပ်ခြင်းမရှိ။ ကျောက်ဖြစ်ရုပ်ကြွင်းဆိုင်ရာမှတ်သားချက်တွင် ကလပ်စည်းများဖြင့် ဖွဲ့စည်းထားသော သက်ရှိများသည် နှစ်ပေါင်းသန်း ၆၀၀ ကျော်ကဖြစ်ရှိခဲ့ပြီး သေကြေကြရာမှ ကျောက်ဖြစ်ရုပ်ကြွင်းများဖြစ်လာကြပါသည်။ ကျောက်ဖြစ်ရုပ်ကြွင်းများတွင် ကင်ဆာဖြစ်နေသောအသားပိုများရှိနေ၍ ၎င်းကသေခြင်းနှင့်ဝေဒနာခံစားခြင်းရှိခဲ့ပုံကို ဖော်ပြလျှက်ရှိပါ၏။

ဤတစ်ကယ်ဖြစ်ရပ်မှန် လူသားတို့သည် နှစ်သန်းပေါင်းများစွာက ပေါ်လာခဲ့သည်။ ယနေ့လက်တွေ့ လေ့လာရာ၌ပေါ်လာသည်မှာ မကိုက်ညီမှုကြောင့် သေခြင်းတရားရှိခဲ့၏။

လူသားပေါ်လာချိန်တွင် ၎င်းသည် အရိုးအသားမြောက်မြားစွာပုံ၍ ဖြစ်လာခဲ့သည်။ ၎င်းကိုကြည့်၍ ဘုရားသခင်က "အလွန်ကောင်း၏" ဟုဆို၏ (ကမ္ဘာဦး ၁း၃၁)။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို အဘယ်သို့ဆဲရေးနေကြသနည်း။

နှစ်ပေါင်းသန်းချီရှိနေခြင်းကို ယုံကြည်နေကြသောသူများက ဘုရားသခင်၏ကောင်းမှုကို အဘယ်မျှကာကွယ်မှုပြုနိုင်ပါသနည်း။ လူသားတို့လုပ်နိုင်သည်မှာ မိမိလက်ကိုမြှောက်၍ မယုံကြည်ကြဟန်ဖြင့်လည်း တွန့်ခြင်းမျိုးသာဖြစ်သည်။ (ယနေ့သဘာ၀ဘေးကပ်ကြုံတွေ့သောအခါ အသင်းတော်ခေါင်းဆောင်အချို့ပြုလုပ်နေသကဲ့သို့)။ ကမ္ဘာဦးကျမ်းကို သမိုင်းအဖြစ်လက်ခံနိုင်မှသာလျှင် ဘုရားသခင်၏ကောင်းမှုတော်ကို သိရှိနားလည်နိုင်မည်ဖြစ်ပါသည်။

ကမ္ဘာဦးကျမ်း ၁ က ဖော်ပြရာတွင် သတ္တ၀ါနှင့်လူသားအပေါင်းတို့သည် သတ်သတ်လွတ်သမားများ ဖြစ်ကြောင်းညွှန်းနေ၏ (ကမ္ဘာဦး ၁း၂၉-၃၀)။ သို့သော်လည်း ကျွန်တော်တို့ ထိုအရာမျိုးကို စိတ်ကူးတွင် ထည့်နိုင်မည်မဟုတ်ပါ။ သို့ရာတွင် ဟေရှာယအနာဂတ္တိကျမ်း ၁၁း၆-၉၊ ၆၅း၂၅ တွင် တွေ့ရသော နောင်အခါဖြစ်လာမည့် မျှော်မှန်းချက်နှင့်ကိုက်ညီလျက်ရှိပါ၏။ ဥပမာအားဖြင့် သက်ရှိသတ္တ၀ါများ အခြားသော သတ္တ၀ါများက ညှဉ်းပန်းနှိပ်စက်၍ အသံတအိအိဖြင့် တောင်းပန်နေခြင်းသည် နောင်လာမည့် မျှော်မှန်းချက်နှင့်လုံး၀ကိုက်ညီခြင်းမရှိပေ။ ပြန်လည်၍ ဖန်ဆင်းခြင်းများနှင့်လည်း သွေဖယ်၍ ဒုက္ခဆင်းရဲမှလွတ်ခြင်း (က-ခ) နှင့်မကိုက်ညီပါ။ အနာရောဂါကင်းစေခြင်းနှင့်လည်း ဆန့်ကျင်လျက်ရှိနေပါသည်။ သို့ပါ၍ နှစ်ပေါင်းများစွာ ဒုက္ခပင်လယ်ဝေ၍ ဆင်းရဲဒုက္ခ ခံစားနေခြင်းဆိုသောအချက်သည် ဘုရားသခင်၏ နှုတ်ထွက်စကားတော် "အလွန်ကောင်း၏" နှင့်လိုက်ဖက်မှုမရှိပေ။

ရောမ ၈း၁၈-၂၈ က ဤလောကတစ်နိုင်ငံလုံး (လူသားအပါအ၀င်) သည် ယခုတိုင်အောင် တညီတညွတ်တည်းညည်းတွား၍ ဆင်းရဲခြင်းဒုက္ခဝေဒနာကို ခံရသည်ဟု ဖွင့်ပြတော်မူ၏။ ကယ်တင်ခြင်းကို မျှော်လင့်လျက် ရှိနေကြ၏။ ရောမကျမ်းကို အဓိပ္ပာယ်ဖွင့်ရေးသားကြသော F.F Bruce, C.E.B Cranfield နှင့် James Dunn

တို့အားလုံးသည် အပြစ်၌လဲကျခြင်း (The Fall) ကြောင့် ဖြစ်ရသည်ဟု ယုံကြည်ကြသည်။ ဤအချက်သည် ကမ္ဘာဦးကျမ်း ၃ နှင့်လည်းညီညွတ်နေလျှက် ဖန်ဆင်းခံသက်ရှိအားလုံးတို့သည် လူသား၏ အပြစ်လုပ်ဆောင်ခြင်းကြောင့် ဒုက္ခဝေဒနာကို ခံစားနေကြရခြင်းဖြစ်၏။ ဥပမာ၊ ကမ္ဘာဦးကျမ်း ၃း၁၈ ၌တွေ့ရှိရသကဲ့သို့ ယနေ့မြေကြီးသည် ဆူးပင်အမျိုးမျိုးနှင့်ပြည့်နှက်နေ၏။ ကျောက်ဖြစ်ရုပ်ကြွင်းကလည်း ဆူးပင်များကို ထိန်းသိမ်းလျက်ရှိကြောင်းတွေ့ရ၏။

ကျွန်တော်တို့သည် အပြစ်များပြည့်နေသောကမ္ဘာ၌ လူသားတို့အပြစ်ကြောင့်နေထိုင်ကြရ၏။ ဤအရာသည် ဘုရားသခင်ဖန်ဆင်းစကအတိုင်းမဟုတ်ပါ။ ဤအရာသည် ကနဦးခရစ်ယာန်မှအစ ယနေ့အထိ ယုံကြည်ချက်များဖြစ်သည်။ နာမည်ကျော်ကဗျာဆရာ John Milton ၏ ဂန္တဝင်စာအုပ်များဖြစ်သော "Paradise Lost" နှင့် "Paradise Regained" များ၌ ဤအချက်ကို ကောင်းစွာတွေ့ရှိရပါသည်။ ဒါပြန်လည်မေးစရာမလိုသောအားလုံး၏လက်ခံချက်ဖြစ်သည်။ အသင်းတော်ဖခင်ကြီး Basil the great (Bishop of Caearea Mazaca, Cappadpocia, AD ၃၂၉–၃၇၉) က ပြောရာတွင် အသီးမစားသောတောရိုင်းတိရစ္ဆာန်ကို ကျွန်တော်တို့တွေ့ရသည်။ အဘယ်ခြင်္သေ့က အဘယ်သို့သော သစ်သီးကို မှီခိုစားသောက်နေပါသနည်း။ မည်သို့ပင်ဖြစ်စေ သဘာဝနိယာမအရ အသီးကို မှီခိုနေသောတိရစ္ဆာန်များစွာရှိနေပါ၏။ သို့ရာတွင် ယနေ့ ခြင်္သေ့သည် သားစားတိရစ္ဆာန်မျိုးဖြစ်၍ သူ၏အစာအတွက်ချောင်းမြောင်းလျှက်ရှိနေပါ၏။ လင်းတများသည် တိရစ္ဆာန်များမွေးလာခြင်းကို ကြည့်ရှုမနေပါ။ သေပြီးမှစားတတ်ကြပါ၏။ သဘာဝသည် သူ့အလိုလိုကောင်းနေပါသည်။ မှဆိုးများကလည်း လူသားများ၏လုပ်ထုံးမဟုတ်ပေ။ ကျော့ကွင်းမဆောင်ပေ။ သားရဲတို့သည် သားကောင်ကို ညှာတာစိတ်မရှိပေ။ အသားစားတိရစ္ဆာန်များမဟုတ်သောကြောင့် မလုပ်ကြခြင်းဖြစ်ပါ၏။

ပြုပြင်ပြောင်းလဲရေးဆရာကြီး John Calvin (၁၅၀၉–၁၅၆၄)ကလည်း ပထမဆုံးသောလူသားသည် ပို၍ကောင်းမွန်သောအသက်တာရှိခဲ့လိမ့်မည်၊ ကောင်းစွာနေခဲ့သည့်ကာလတစ်လျှောက်ခန္ဓာကိုယ်မှဝိညာဉ်လမ်းခွဲခြင်း၊ မကောင်းမှု၊ ဖျက်ဆီးမှု၊ အချုပ်အားဖြင့်

အကြမ်းဖက်မှုတစ်ခုမျှမရှိခဲ့ပါ။

ထို့ကြောင့် ကိုယ်ကျင့်သိက္ခာပျက်မှုမှန်သမျှသည် သဘာဝ၏အသီးမဟုတ်ပဲ အပြစ်ကြောင့်ဖြစ်ပေါ်လာရခြင်းဖြစ်၏ဟုဆိုခဲ့ပါသည်။

မက်သဒစ်အသင်းတော်တည်ထောင်သူ John Wesley (၁၇၀၁–၁၇၉၁) ကလည်း ကျမ်းစာ၏သွန်သင်မှုကို ထောက်ခံလျက်၊ ဘုရားသခင်သည် လူသားများကို ချစ်၍ သူ၏အလုပ်လုပ်ဆောင်ရာ၌ ကျေးဇူးတော်ကို လက်ကိုင်ထားသော အခြေအနေ၌ အဘယ်ကြောင့် ကမ္ဘာမြေကြီး၌နာခြင်းဖြစ်ရပါသနည်း။ အပြစ်ကြောင့် ဖြစ်ပါ၏။ အပြစ်မရှိလျှင် နာခြင်းမရှိနိုင်။ နာခြင်းသည် အပြစ်ကြောင့်ဖြစ်လာခြင်းဖြစ်၍ ၄င်းသည် မြေကြီး၌အပြစ်ဝင်လာပြီး နာကျင်မှု မျိုးစု၊ သေခြင်းမှအစကမ္ဘာသို့ဝင်လာ၏ ဟုဆိုခဲ့သည်။

"သို့ရာတွင်၊ ငှက်များတောရိုင်းတိရစ္ဆာန်များ မိမိကိုယ်ကိုအားဖြင့် မျက်ရည်မကျ။ တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ပွားခြင်းလည်းမရှိ။ အားလုံးသောဖန်ဆင်းခြင်းခံရသော အပေါင်းတို့သည် ဘုရားသခင်ကို ချီးမွမ်းနေကြကုန်၏။"

David Hull (ခရစ်ယာန်မဟုတ်သော အတွေးအခေါ်ပညာရှင်) က ဤသို့ရေးသားခဲ့၏။

"Evolution သီအိုရီနှင့်သဘာဝသမိုင်းဆိုင်ရာသီအိုရီက ဘုရားကို အဘယ်သို့ အမည်ခေါ်တွင်သည်ဖြစ်စေ၊ သူဟာ Protestant တို့၏ဘုရားမဟုတ်။ သူ၏တီထွင် ဖန်ဆင်းသောအရာကို ချစ်သောဘုရားလည်းမဟုတ်။ ယောဘဝတ္ထု၌ ဖော်ပြထားသော ဆိုးဝါးသောဘုရားလည်းမဟုတ်။ Galapagos ဘုရားဟာ ဂရုမစိုက်သော ဖြုန်းတီးသော ဘုရားဖြစ်၏။ လူတိုင်းသူ့ထံပါးသို့ ဆုတောင်းချက်ပေးရန် ထိုက်သော ဘုရားလည်းမဟုတ်" ဟု ရေးခဲ့သည်။

သို့ရာတွင် ကျမ်းစာလာသည်ကား၊ ဘုရားသခင်သည် ထိုအတိုင်း တစ်ကမ္ဘာလုံးကို ဖန်ဆင်းခြင်းမဟုတ်။ အာဒံနှင့်ဧဝတို့ပြစ်မှားခြင်းကြောင့် ဖြစ်ပေါ်လာသောအရာသည် ဘုရားသခင်၏အလိုတော်မဟုတ်ပါ။ အပြစ်၌ လူသားလဲကျခြင်းသည် အလွန်မှန်ကန် အရေးကြီးပြီး နှစ်ပေါင်းသန်းပေါင်းများစွာမှ အားရှိသောသူများသာ အသက်ရှင်ရှန်းကန်

နိုင်သည်ဆိုသည့်သီအိုရီသည် အာဒံနှင့်ဧဝတို့ရှေ့၌ရှိသောအရာမဖြစ်နိုင်တော့ပါ။ ယခုခေတ်တွင် Theory လည်း ကျဆုံးခန်းသို့ရောက်ရှိနေပြီ။

## ၈။ ခရစ်ဝင်ကျမ်းများက ကမ္ဘာဦးကျမ်းရှိသမိုင်းအထောက်အထားများကို အတည်ပြုသည်။

ရောမ ၅း၁၂–၁၇၊ ၁ ကောရိသု ၁၅း၂၀–၂၂ နှင့် ၄၅–၄၄ တို့တွင် ယေရှု၏ခန္ဓာကိုယ်သေခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်း ကမ္ဘာဦးကျမ်း၏သမိုင်းစစ်မှန်မှုကို ဖော်ပြနေပါသည်။ စစ်မှန်သောလူသား၊ အာဒံ၏သေခြင်း (မြေမှုန့်ဖြစ်၍ မြေမှုန့်သို့ပြန်ခြင်း၊ ကမ္ဘာဦး ၃း၁၉) သည် စစ်မှန်၍ သူ၏အပြစ်ကြောင့် ဘုရားသခင်က "အလွန်ကောင်း၏" ဟုဆိုခဲ့သောအရာများသည် ပျက်ဆီးခြင်းသို့ ရောက်ကြရပါ၏။ ထိုနည်းတူစွာ စစ်မှန်သောလူသား ကောင်းကင်မှဘုရား–လူသားသည်လည်း ပထမလူသားမပြုလုပ်သော အလုပ်ကို လုပ်၍ ကြွလာတော်မူသည်။ လူအပေါင်းတို့သည် အာဒံအားဖြင့်သေခြင်းသို့ ရောက်သည့်နည်းတူ၊ လူအပေါင်းတို့သည်ခရစ်တော်အားဖြင့် အသက်ရှင်ခြင်းသို့ရောက်ကြကုန်၏။

အာဒံသည် ကျွန်ုပ်တို့နှင့်မေရှာယ၏မျိုးရိုးဖခင်ဖြစ်တော်မူခြင်းသည် သတင်းကောင်း (Gospel) ၏ အဓိကအချက်ဖြစ်သည်။ မေရှာယက အတိအလင်းအမျိုးအနွယ်မှ ကယ်တင်ရှင်အကြောင်းပြောကြားခဲ့၏။ ၄င်းသည် သွေးအားဖြင့် အမျိုးအနွယ်ဖြစ်၍ ဟေဗြဲဘာသာစကားတွင် (goel) ကို အသုံးပြုထား၍ Boaz in relation to Ruth အထိဖော်ပြ၏။ ဟေဗြဲကျမ်းကလည်း ယေရှု၏မူလပကတိလူသားမျိုးနွယ်ဖြစ်ခြင်းကို ရှင်းလင်းထားပါသည်။ ယေရှုက ကောင်းကင်တမန်တို့ကို မစတော်မူသည်မဟုတ်၊ အာဗြဟံအမျိုးကို မစတော်မူ၏။ (ဟေ ၂း၁၁–၁၈) ယေရှုသည် အာဒံ၏အမျိုးကိုသာလျှင် ကယ်တင်နိုင်တော်မူ၏။

Bishop Hugh Montefiore ၏ စာအုပ် SPCR (UK, ၁၉၈၄) တွင် ပုံနှိပ်ထုတ်ဝေသောလက်စွဲစာအုပ်တွင် ကမ္ဘာဦးကျမ်း၏သမိုင်းဖြစ်မှုကို ငြင်းပယ်ထားခြင်းကို တွေ့ရှိရပါသည်။

"လူသားများသည် evolution သီအိုရီမှဖြစ်ပေါ်လာခြင်းဖြစ်၍ သဘာဝဖြစ်စဉ်အတိုင်း

ဖြစ်ရပ်နေကြပါသည်။ မိမိကိုယ်ကိုအဓိကထားခြင်းနှင့်တက်ကြွထက်သန်စွာလှုပ်ရှားခြင်းသည် evolution ၌အဓိကကြ၏။ လူသည် မိမိကိုယ်ကိုအဓိကထားခြင်းနှင့်ဆက်နွယ်နေပါသည်။ (original sin) သားတော်သည် ကျွန်တော်နေရာ၌နေ၍ အပြစ်ဒဏ်ခံခြင်းမှ ကျွန်ုပ်လွတ်မြောက်သည်ဆိုသောအချက်သည် မှားယွင်းနေပါသည်။ ဘယ်အရာ၌မဆို တကမ္ဘာလုံး၏ပြစ်ဒဏ်ကို ခံစားရမည့်သူတစ်ယောက်မှမရှိပါ။"

ဤခံယူချက်သည် ဓမ္မသစ်ကျမ်း၏သွန်သင်ချက်နှင့်ဆန့်ကျင်လျှက်ရှိနေပါသည်။

## ၉။ ခရစ်ယာန်များ၏အမြင်သည် ကမ္ဘာဦးကျမ်းအားသမိုင်းအဖြစ်လက်ခံရာတွင် တစ်သမတ်တည်းရှိသည်။

ကျမ်းစာတွင် မိုးကောင်းကင်နှင့်ကမ္ဘာကြီးပျောက်ဆုံး၍ အသစ်သောကောင်းကင် (heaven) နှင့်ကမ္ဘာ ရောက်ရှိလာမည့်အကြောင်းကို ကျွန်ုပ်တို့အားဖော်ပြနေပါသည်။ (၁ ပေတရ ၃း၁၀–၁၃) အဘယ်ကြောင့်နည်း။ ယခုခေတ် သိပ္ပံပညာနှင့်သဘာဝဖြစ်စဉ် အတိုင်း ဤကမ္ဘာကြီးသည် ဖြစ်နေသည်ဟုယုံကြည်လျှင် ဘုရားသခင်သည် အဘယ်ကြောင့် ကမ္ဘာမြေကြီးမှမကောင်းမှုကို မီးဖြင့်ဆေးကြောလိမ့်မည်နည်း။ အဓိပ္ပာယ်ရှိမည်မဟုတ်ပါ။ သို့ရာတွင် ကမ္ဘာဦးကျမ်း ၃ ကို သမိုင်းအဖြစ်ယုံကြည်လျှင်မူ အဓိပ္ပာယ်ရှိလာမည်ဖြစ်ပါသည်။ (၎င်းသည် ရောမ ၈ နှင့်အခြားနေရာများ၌လည်း တွေ့ရှိရ)။ တနည်းအားဖြင့် ဆိုရလျှင် "အချိန်ကြာမြင့်စွာ" ဖြစ်တည်ခြင်းက သမ္မာကျမ်းစာ၏နောက်ဆုံးနေ့ရက်များ၌ ဖြစ်လာမည့်အရာ (echatology) ကို ပျောက်ပျက်စေပါသည်။

သမိုင်းတွင် ကမ္ဘာမြေကြီးရေလွှမ်းမိုးခြင်းခံရခြင်းကို လက်မခံခြင်းသည်လည်း အနာဂတ်ဆိုင်ရာ eschatology နှင့်ဆန့်ကျင်လျှက်ရှိပါသည်။ ဤအချက်ကို ယေရှုက ပြောခဲ့ပါသည်။ (လုကာ ၁၇း၂၆–၂၇)။ ရေလွှမ်းမိုးခြင်းအားဖြင့် ပြစ်ဒဏ်ခတ်ခြင်းကို မယုံကြည်လျှင်အနာဂတ်ကာ ပြစ်ဒဏ်စီရင်ခြင်းကိုလည်း အဘယ်ကြောင့် ကျွန်ုပ်တို့ ယုံကြည်နေရသနည်း။

ဖော်ပြရလျှင် တမန်တော်ပေတရက ယေရှုပြန်လည်ကြွလာမည့်အကြောင်းကို မယုံကြည်ပဲ လှောင်ပြောင်သရော်မည့်သူများရှိမည်ကိုလည်း ပြောကြားခဲ့ပါသည်။ ဤကဲ့သို့

လှောင်ပြောင် သရော်သောသူများသည် အစပထမ၌ ဖြစ်ခဲ့သောအရာအတိုင်း နောင်တွင်လည်း ဖြစ်လာမည်ဟုပြောတတ်ကြပါသည်။ ဤကဲ့သို့သော အတွေးအခေါ် ရှိရခြင်းအကြောင်းမှာ မိမိတို့တပ်မက်ခြင်းအတိုင်းကျင့်နေ၍၊ ရှေးကာလ၌ မိုးကောင်းကင်ကိုင်၄င်း၊ ရေထဲကထွက်၍ ရေဖြင့်တည်သောမြေကြီးကိုင်၄င်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်သည်ဖြစ်စေတော်မူကြောင်း နှင့်ဖြစ်ဖူးသော လောကဓာတ်ကို ထိုသို့အားဖြင့် ရေနှင့်လွှမ်းမိုး၍ ဖျက်ဆီးကြောင်းကို ထိုသူတို့သည် မှတ်မိချင်သောစိတ် မရှိကြသောကြောင့်ဖြစ်ကြောင်း ပေတရုကရေးသားခဲ့၏။ (၂ ပေတရု ၃း၃–၆)။ သဘာဝအတိုင်းဖြစ်တည်မှုအယူဝါဒသည် ယနေ့အချိန်၌ အဘယ်မျှလောက် နေရာအနှံ့သိသာလောက်အောင် ပျံ့နှံ့ဝင်ရောက်နေကြောင်း ဤအချက်က ဖော်ပြနေပါသည်။ ပေတရုက နောက်ဆုံးနေ့ရက်၌ ဤကမ္ဘာမြေကြီးမှုကား မီးရှို့ဖျက်ဆီးမည်ဖြစ်ကြောင်း ယုံကြည်လျှက်ရှိပါသည်။ (အခန်းငယ် ၇)။

သမ္မာကျမ်းစာက ဖန်ဆင်းခြင်းအမှုနှင့်ရေလွှမ်းမိုးခြင်းအကြောင်း ဖော်ပြနေမှုကို ငြင်းပယ်သောသူတို့သည် ဘုရားသခင်၏တရားစီရင်မှုကို ငြင်းပယ်ခြင်းပင်ဖြစ်ပါသည်။ (ရောမ ၁း၁၈–၃၂ နှင့် ၂ ပေတရု ၃း၃–၇) Evolution သီအိုရီကို လက်ခံသောသူများက ကျွန်ုပ်တို့၏မူလအစကို ရှင်းပြပြီး ဘုရားသခင်၏လုပ်ဆောင်ချက်သည် တွေ့မြင်လို့မရ၊ ရေလွှမ်းမိုးခြင်းအတွက် သက်သေလည်းမရှိဟုဆိုခဲ့လျှင် မယုံကြည်သောသူတို့ကို ဘုရားသခင်က အဘယ်ကြောင့်အပြစ်တင်ခံထိုက်သောသူဟုဆိုနေပါသနည်း။

## ၁၀။ ကမ္ဘာဦးကျမ်းအားသမိုင်းအဖြစ်လက်မခံခြင်းသည် စစ်မှန်သော ဤကမ္ဘာမြေကြီးမှခရစ်ယာန်ဖြစ်ခြင်းနှင့် ညီညွတ်မှုမရှိ။

လူတွေက ကျမ်းစာသည် သိပ္ပံစာအုပ်မဟုတ်ဘူး။ သီအိုရီလိုဂျီစာအုပ်တစ်အုပ်သာ ဖြစ်သည် (သို့) ကျမ်းစာသည် အဘယ်ကြောင့်ဟု မေးခွန်းထုတ်သောစာအုပ်ဖြစ်ပြီး သိပ္ပံဘာသာရပ်ဟာ မည်ကဲ့သို့ဆိုသည်ကို အဖြေပေးပါသည်လို့ ပြောတတ်ကြပါသည်။ Pope John Paul II ကလည်း ဘာသာရေးနှင့်သိပ္ပံတစ်ထပ်တည်းကျသော စာအုပ်ဟု ဆိုပါသည်။ သို့ရာတွင် ကျမ်းစာသည်သမိုင်းစာအုပ်ဖြစ်ပြီး ၎င်း၏သီအိုလိုဂျီဟာလည်း သမိုင်းတွင် အမြစ်တွယ်နေပါ၏။ ယေရှုသည် အမှန်တစ်ကယ်သေပြီး အမှန်တစ်ကယ်

ရှင်သန်ထမြောက်ပါသလား။ ကျွန်တော်တို့ကို အရေးတကြီး ပြောပြနေသည်မှာ တစ်ဦးနှင့်တစ်ဦးမေတ္တာထားကြဖို့ပင်ဖြစ်ပါသည်။ (သီအိုရီလိုဂျီဆိုင်ရာလီဘယ်ရယ်များက ဤအချက်ကို တိကျစွာဖော်ပြနေကြသည်။) သဘာဝဆိုင်ရာသီအိုရီကို လက်ကိုင်ထားကြသူများ၏ ဤကမ္ဘာစကြာဝဠာ၏ သမိုင်းနှင့်အစသည် ကျမ်းစာကအရေးတကြီးဖော်ပြနေသောအရာလည်းဖြစ်၏။ ဤအချက်၌ ကယ်တင်ခြင်းသည် အမြစ်တွယ်နေ၍ ၎င်းသည် သမိုင်းဖြစ်စဉ်တစ်ရပ်လည်း ဖြစ်နေပါသည်။

ဩစတြေးလျနိုင်ငံ Sydney မြို့ရှိ အီဗန်ဂျီလီကယ်ကောလိပ်တွင် ကျောင်းသားများကို သင်ကြားပို့ချရာတွင် ကမ္ဘာဦးကျမ်းသည် အငြင်းအခုံဖြစ်စရာအချက်များပါရှိ၍ ၎င်းတို့က ဘုရားသခင်သည် အရာခပ်သိမ်းကို ဖန်ဆင်းတော်မူ၍ ထိုအရာကို သီအိုလိုဂျီဟုခေါ်သည်။ သိပ္ပံဘာသာရပ်မဟုတ်ပါဟုပို့ချသည်။ သို့ပါသော်လည်း သိပ္ပံပညာ (ယခုလက်ရှိအများအမြင်) ရပ်တွင်မူ စကြာဝဠာကြီးစတင်ဖြစ်ပေါ်လာစေသည့် ပေါက်ကွဲမှုကြီးအကြောင်းကို ပြောနေပြီးအရာတိုင်းသည် သဘာဝဖြစ်စဉ်အတိုင်းဒြပ်စင်မှတစ်ဆင့်ဖြစ်ပေါ်လာသည်ဟု ယုံကြည်သည်။ ဘုရားသခင်ပါဝင်မှုမရှိ (သို့) မလိုအပ်ဟုလို့ပြောနေကြပါသည်။ သိပ္ပံက သီအိုရီလိုဂျီဆိုင်ရာကို ပြောနေ၍ ကျမ်းစာကသိပ္ပံပညာရပ်ကိုဖော်ပြနေသည်ဟုဆိုတတ်ကြပါသည်။ ပြဿနာကို စကားလုံးအသုံးအနှုန်းကြွယ်ဝမှုက ဖြေရှင်းမပေးပါ။ ဤကဲ့သို့သောကောလိပ်တွင် ဓမ္မပညာပို့ချပေးနေခြင်းသည် အလွန်ကြောက်စရာကောင်းပါ၏။

၁၈၉၄ ခုနှစ်က Scottish ကျမ်းတတ်ပုဂ္ဂိုလ် James Denney က ဤသို့ရေးသားခဲ့၏။

"ဘာသာရေးနှင့်သိပ္ပံပညာခွဲခြားနေခြင်းသည် နောက်ဆုံး၌ဘာသာရေးနှင့်စစ်မှန်ခြင်းကို ခွဲနေခြင်းဖြစ်သည်။ နောက်ဆုံး၌ ဘာသာရေးသည် စစ်မှန်သောလူသားကြား၌ သေဆုံးသွားပါမည်" ဟုရေးခဲ့သည်။

လေ့လာချက်တွင် ကလေးများသည် သူတို့၏ Sunday school ဆရာများကို ယုံကြည်ရမည်လော (သို့) Primary school ဆရာများကို ယုံကြည်ရမည်လောဟု

မေးခွန်းထုတ်တတ်ကြပါသည်။ ၈၀% က ၎င်းတို့၏ကျောင်းဆရာကိုရွေးချယ်ကြပါသည်။ အဘယ်ကြောင့်နည်း။ အဘယ်ကြောင့်ဆိုသော် ကျောင်းဆရာများက ဖြစ်ရပ်မှန်များကို သင်ကြားပေးကြ၍ Sunday school ဆရာများက ပုံပြင်များကို သင်ပေးနေကြသောကြောင့် ဖြစ်ပါသည်။ အသင်းတော်အများစုတွင် ကျမ်းစာကို ပို့ချရာတွင် ကမ္ဘာ့ဖြစ်ရပ်မှန် ဆက်စပ်မှုမရှိပဲ ကျမ်းစာကို ပုံပြင်ပမာသင်ကြားပေးနေသောကြောင့် ကလေးများက ယခုကဲ့သို့ ထင်မြင်နေရခြင်းဖြစ်ပါသည်။ နားထောင်၍ကောင်းပြီး အကျင့်စာရိတ္တကောင်းကိုပြနေသော အီစွတ်ပုံပြင် အစရှိသောပုံပြင်များသည် ဤကမ္ဘာ၌ တစ်ကယ်ဖြစ်ပျက်နေသော အစစ်အမှန်မဟုတ်ပေ။

ထိုနည်းတူစွာ ယနေ့ယုံကြည်သူများသည် ၎င်းတို့၏အယူအဆကို နှစ်မျိုးခွဲခြားတတ်ကြပါသည်။ ၎င်းမှာ အစစ်အမှန်နှင့်ယုံကြည်ခြင်းဖြစ်၏။ ထို့ကြောင့် ယုံကြည်သူပညာတတ်များသည် ကောလိပ်စာသင်ခန်း၌ သဘာဝဖြစ်စဥ်အစစ်အမှန်များကို သင်ပြနေပြီး Sunday (သို့) ဘုရားရှိခိုကျောင်း၌ ယုံကြည်ခြင်းကို သင်ပြနေကြပါသည်။

ဤအချက်ကို (အစစ်အမှန်–တန်ဖိုးခြားနားချက်) ဟုခေါ်ပါသည်။ အတွေးအခေါ်ပညာရှင်များက ဒီနှစ်ချက်ကို တိကျစွာရှာဖွေနိုင်မှုမရှိသည့်အတွက် ၎င်းကိုငြင်းပယ်နေကြပါသည်။ ခြားနားချက်မှာ ယုံကြည်သူတို့၏ ယုံကြည်ခြင်းသည် တန်ဖိုး၌ရှိနေပြီး လူတစ်ယောက်၏ယုံကြည်ချက်သည် အစစ်အမှန်နှင့်ဆက်စပ်မှုမရှိပါ။ ထို့ကြောင့် ခရစ်ယာန်ယုံကြည်ချက်တိုက်ခံသူများက ခရစ်ယာန်များကို ချီးမွမ်းနေကြသော်လည်း အစစ်အမှန်နှင့် ဆက်နွယ်မှုမရှိခြင်းကို ထိတ်လန့်နေကြခြင်းဖြစ်သည်။

သို့ပါသော်လည်း ခရစ်ယာန်ဘာသာသည် "လုံးဝစစ်မှန်" သောစနစ်၌ ပါရှိသည်။ (၎င်းကို Nacy Rearcey Total Truth စာအုပ်၌ရေးသားထား)။ ခရစ်ယာန်ဘာသာတွင် ၎င်း၏ရည်မှန်းချက်ဖြစ်သော သမိုင်းနှင့်ကမ္ဘာ၏ရည်မှန်းချက်အမှားနှင့်အမှန်၏ ဆိုလိုရင်းကို ဖော်ပြနေပါသည်။ ဥပမာအားဖြင့် သေသောသူ များရှင်ပြန်ထမြောက်ခြင်းသည် ခရစ်ယာန်တို့ အဓိကယုံကြည်ချက်၌ပါဝင်သည် (၁ ကောရိသု ၁၅း၁၂–၁၉)။ သို့ရာတွင် ၎င်းသည်လည်း သမိုင်းဖြစ်စဥ်ဖြစ်ပါသည်။ တတိယနေ့၌ အုတ်ဂူသည် အလွတ်ဖြစ်နေသည်။ ဤအရာသည်

ဘုရားသခင်၏တန်ခိုးကိုပြနေ၍ သဘာဝဖြစ်စဉ်က ရှင်ပြန်ထမြောက်ခြင်းငြင်းဆိုချက်ကို ဆန့်ကျင်ခြင်းလည်း ဖြစ်ပါသည်။

ဤအယူအဆနှစ်ချက်ကြောင့် လူအများသည် ခရစ်ယာန်ဘာသာကို မသိရှိနိုင်။ ဆင်ခြင်တုံတရားကို တိုက်ခိုက်နေ၍ ဖြစ်သည်။ ဤအရာများကို ကိုးကွယ်ခြင်းအတွေ့အကြုံ (သို့) အကောင်းမြင်ဝါဒီစဉ်းစားခြင်းမှရရှိနိုင်ပါသည်။ ဘုရားမဲ့ဝါဒီများက ယုံကြည်ခြင်းသည် အစစ်အမှန်ကို မပေးနိုင်ပါဟုဆိုကြသည်။ သို့ရာတွင် ၎င်းအယူအဆသည် ကျမ်းစာ၌ တည်သော အယူဝါဒမဟုတ်ပေ။ ခရစ်ယာန်ဘာသာ၏ အခြေခံသည် သမိုင်း၌ အစစ်အမှန် ဖြစ်ပျက်ခဲ့သော အကြောင်းအချက်အပေါ်၌သာ တည်နေ၏ (၁ ယောဟန် ၁း၃)။ မျက်မမြင်၊ အဓိပ္ပာယ်မရှိသော ယုံကြည်ခြင်းမဟုတ်ပါ။ သို့ပါသောကြောင့် ဘုရားမဲ့ဝါဒီများသည် ကျမ်းစာ၌ဖော်ပြသော သမိုင်းဖြစ်စဉ် (ဖန်ဆင်းမှု၊ အပြစ်သို့လဲကျခြင်း၊ ရေလွှမ်းမိုးမှု၊ ထွက်မြောက်ခြင်း၊ ယေရှုရှင်ပြန်ထမြောက်မှု ......) တို့ကို ပြင်းထန်စွာ ငြင်းပယ်နေကြခြင်း ဖြစ်ပါသည်။

## ၁၁။ ကနဦးအသင်းတော်ခေါင်းဆောင်များသည် အချိန်ကန့်သတ်မှုနှင့် တစ်ကမ္ဘာလုံးဆိုင်ရာ ကမ္ဘာဦးကျမ်းရှိရေလွှမ်းမိုးမှုကို လက်ခံခဲ့ကြသည်။

ကမ္ဘာဦးကျမ်းကို သမိုင်းအဖြစ်လေ့လာရာတွင် အခြေခံအချက်နှစ်ချက်ထက်ပို၍ လေ့လာရပါသည်။

၁။ ယေဘုယျအားဖြင့်။ အချိန်နှစ်ပေါင်းများစွာ ဖြစ်တည်ခဲ့ခြင်းဆိုင်ရာလေ့လာခြင်းသည် အမြဲတမ်း တွင်ကျယ်နေလျှင် သမ္မာကျမ်းစာသည် ၎င်းအယူအဆကို အရိပ်အမြွက် ပြောနေသယောင် နားလည်ရပါသည်။ သို့ရာတွင် ၎င်းတို့သည် သိပ္ပံပညာ၌ တွင်ကျယ်နေချိန်၌ ရှိမနေလျှင် ၎င်းလေ့လာအဓိပ္ပာယ်ဖွင့်ဆိုချက်က သမ္မာကျမ်းစာနှင့် သိပ္ပံပညာကို ပေါင်းစည်း၍ ပေးလိုခြင်းမျိုးဖြစ်နေမည်။

၂။ အသင်းတော်၌အချိန်များစွာဖြစ်တည်မှုအယူဝါဒကို သွတ်သွင်းလိုလျှင် ၎င်းတို့သည် သံပွနည်းကျအဓိပ္ပာယ် ဖွင့်ဆိုခြင်းသာဖြစ်၍ ကျမ်းစာလာအတိုင်း မဟုတ်ပါဟုပြောနိုင်သည်။ ၎င်းသူတို့က ဖန်ဆင်းသောအရာများကိုလည်း အချိန်များစွာဖြစ်တည်ခြင်း အယူဝါဒအောက်၌

အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်ဟုဆိုတတ်ကြပါသည်။ ထို့ကြောင့် ဤအကြောင်းပြချက်ကို ပြန်လည်ဆန်းစစ်ဖို့အရေးကြီးလှပါသည်။

Basil the Great (AD၃၂၇-၃၇၉) ၏ တရားဟောချက်များတွင် ၆ ရက်အတွင်း ဘုရားသခင်၏ ဖန်ဆင်းခြင်းကို ပြောကြားရာတွင် ၄င်းရက်များသည် ယနေ့ရှိ နေ့ရက်များအတိုင်းဖြစ်၍ ဘုရားသခင်မိန့်ကြားတော်မူသည့်အတိုင်း အလင်းများ၊ သစ်ပင်များရှိလာ၍ ရေ၌လည်းသားငါးနှင့်ပြည့်စုံတော်မူခဲ့၏။ (အချက် ၆) အစကနဦး၌ သတ္တဝါများသည် တစ်ဦးနှင့်တစ်ဦးမစားခဲ့ကြပါ။ (အချက် ၇ ကိုရှုလော့)။ နေသည်လည်း ကမ္ဘာမြေကြီးဖန်ဆင်းပြီးမှဖန်ဆင်းခဲ့သည်။ တိရိစ္ဆာန်မှ လူသားဖြစ်လာခြင်းဆိုင်ရာ evolution သီအိုရီကိုလည်း ဆန့်ကျင်ခဲ့သည်။ Darwin က evolution သီအိုရီကို တွေ့ရှိခဲ့ခြင်းမဟုတ်ပဲ ခရစ်တော်မတိုင်မီက ဘုရားမဲ့အတွေးအခေါ်ပညာရှင်များဖြစ်ကြသော Anaximander, Epimenides နှင့် Lucretius တို့က ပြောကြားခဲ့ခြင်းသာဖြစ်ကြောင်းကို မှတ်သားရမည် ဖြစ်သည်။ အစကပင်ဘုရားရှိဝါဒကို တိုက်ခဲ့ခြင်းဖြစ်၍ ဘုရားမဲ့ဝါဒီသာဖြစ်သည်။

အချို့သောသူများသည် အသင်းတော်ဖခင်ကြီးများ၏ ရေးသားချက်ကို အဓိပ္ပာယ်လွဲ၍ ကောက်ယူခြင်းမှာ သူတို့၏အရေးအသားကို ဂရုတစိုက်ဖတ်ရှုခြင်းမရှိသောကြောင့်ဖြစ်သည်။

Eastern Orthodox အသင်းတော် (EO) ကလည်းဖန်ဆင်းခြင်းရက်သတ္တပတ်ကို အစစ်အမှန်ဟု လက်ခံသော်လည်း တစ်ကမ္ဘာလုံးဆိုင်ရာသမိုင်းကို နှစ်ပေါင်း ၇၀၀၀ အတွင်းသတ်မှတ်တတ်ကြပါသည်။ ဖန်ဆင်းခြင်းရက်သတ္တပတ်ကို နှစ်ပေါင်းများစွာအဖြစ် လက်မခံကြပါ။

EO အသင်းတော်ဘုန်းကြီး Seraphim Rose က EO အသင်းတော်ဖခင်ကြီးများ၏ ကမ္ဘာဦးကျမ်းအမြင်ကို ခေတ်သစ်အမြင်အဖြစ်မြင်ကြကြောင်း ပြောကြားခဲ့သည်။ ဘူမိဗေဒ၌ ပါရဂူဘွဲ့ရရှိသော Dr. Terry Mortenson က Rose ၏စာအုပ်ကိုပြန်လည်လေ့လာရာတွင် ဤသို့ဆိုခဲ့သည်။

Rose သည် သူ့သဘောထားများအားရေးသားရာ၌ ကမ္ဘာဦးကျမ်းကို အဓိပ္ပာယ်ဖွင့်ဆိုကြသော ကနဦးအသင်းတော်ဖခင် Jonhn Chrysostom (၃၄၄-၄၀၇)၊ Ephraim

the Syrian (၃၀၆–၃၇၂)၊ Basil the Great (၃၂၉–၃၉) နှင့် Ambrose of Milan (၃၃၉–၃၉၇) တို့၏အမြင်ကို ကောက်နှုတ်ထားသည်။ ၎င်းကအခြားသော နောက်ပိုင်းအသင်းတော်ဖခင်များ၏ ကမ္ဘာဦးကျမ်း ၁–၁၁ အဓိပ္ပာယ်ဖွင့်ချက်များကိုလည်း ကောက်နှုတ်ထားသည်ဟုဆို၏။

Rose of EO အသင်းတော်ဖခင်များသည် တစ်ကမ္ဘာလုံးရေလွှမ်းမိုးမှု၊ အပြစ်၌ လဲကျခြင်းနှင့် ဖန်ဆင်းခြင်းရက်သတ္တပတ်၏သမိုင်းဖြစ်မှုတို့ကို တစ်ညီတစ်ညွတ်တည်း လက်ခံထားကြောင်းကိုလည်း ဖော်ပြနေပါသည်။ ဘုရားသခင်၏ဖန်ဆင်းခြင်းသည်လည်း တစ်ဆက်တည်းဖြစ်ခဲ့ကြောင်းကိုလည်း ယုံကြည်ခဲ့ကြသည်။ (အချက် ၆ ကိုရှုလော့)။ အပြစ်၌လဲကျခြင်းမရှိမီ ကမ္ဘာသည်လဲကျပြီး အချိန်နှင့်လည်းကွဲပြားကြောင်း မြင်ခဲ့ကြသည်။

အချို့က Augustine နှင့် Origen တို့သည် သမ္မာကျမ်းစာထဲရှိအချိန်ကြာမြင့်မှုကို မယုံကြည်ချင်ကြဟုဆိုကြသည်။ ဤထင်ရှားသော ပုဂ္ဂိုလ်နှစ်ယောက်သည် သမ္မာကျမ်းစာရှိ အချက်အလက်အချို့ကို ပုံဆောင်ပြသောဇာတ်လမ်းအဖြစ်ရှုမြင်ကြသည်။ ၎င်းတို့သည် Alexandrian ကျောင်းထွက်များဖြစ်ကြပါသည်။ ၎င်းတို့၏ပုံဆောင်ပြသော ဇာတ်လမ်းအမှုရှုမြင်မှုသည် ၎င်းတို့အားလွှမ်းမိုးခဲ့သော Neo-Platonic အတွေးအခေါ် (ဘုရားသခင်သည် အချိန်၏အုပ်စိုးမှုအောက်၌မရှိနိုင်) ဆိုသောအချက်ကြောင့်ဖြစ်သည်။ သို့ပါသော်လည်း ၎င်းတို့နှင့်ဆန့်ကျင်လျှက် အချို့သောသူတို့သည် ဘုရားသခင်၏ ဖန်ဆင်းခြင်းအမှုသည် ကြာမြင့်သောအချိန်အတွင်းဖြစ်ပျက်ခဲ့သည်ဆိုသောအချက်ကို ငြင်းပယ်ခဲ့ကြသည်။ ၎င်းတို့က နောဧ၏တစ်ကမ္ဘာလုံးဆိုင်ရာ ရေလွှမ်းမိုးမှုနှင့်ကျမ်း စာရှိအချိန်ကန့်သတ်ချက်ကို ရှင်းလင်းစွာဖော်ပြကြသည်။

အချို့သောသူများကအသင်းတော်ဖခင်များမှားယွင်းခဲ့ခြင်းဖြစ်၍ ယနေ့တွင်ပို၍ မြင့်မားသောရှင်းပြချက်များရှိသည်ဟုဆိုကြ၏။ သို့ရာတွင် ခေတ်သစ်ကျမ်းစာရှင်းလင်း ဖော်ပြခြင်းသည် မူလကကျမ်းစာဘာသာနှင့်ကျမ်းစာ၏ယဉ်ကျေးမှုသိရှိခြင်းကို မဖြစ်ခဲ့ပေ။ ပြဿနာမှာ ကျမ်းစာလာအချက်ကို ပုံပြင်ပမာလက်ခံရှင်းလင်းလိုခြင်းပင် ဖြစ်ပါသည်။

## ၁၂။ ပြုပြင်ပြောင်းလဲသမားများက ကမ္ဘာဦးကျမ်းကို သမိုင်းအဖြစ်လက်ခံနားလည်ခဲ့ကြသည်။

Calvin က နေ့နှင့်ညသည် နေ့ကိုမဖန်ဆင်းခင်ပထမဆုံးနေ့၌ပင် ရှိခဲ့၏။ ကမ္ဘာသည် အလွန်တိုတောင်းသောကာလ၌ ဖန်ဆင်းသည်ဆိုခြင်းသည် မှားယွင်းသည်။ မောရှေက ကမ္ဘာကြီးသည် ၆ ရက်အတွင်း ဖန်ဆင်းခဲ့သည်ကို ဆိုခြင်းကို မယုံကြည်ခြင်းသည် မှားယွင်းသည်။ ဘုရားသခင်က ၆ ရက်အတွင်းအရာအားလုံးကို ဖန်ဆင်းတော်မူခဲ့သည်ဟု ယုံကြည်ရမည်ဖြစ်သည်။ တစ်ကမ္ဘာလုံးရေလွှမ်းမိုးမှုသည်လည်း ရက် ၄၀ အတွင်း ဖြစ်ခဲ့သည်ဟုဆိုခဲ့သည်။

Luther က ဤအချက်ကို ပိုမိုရှင်းလင်းစွာဖော်ပြခဲ့ပါသည်။ ကမ္ဘာဦးကျမ်းကို သမိုင်းအဖြစ်တိကျစွာ လက်ခံခဲ့သည်။ ကမ္ဘာဦးကျမ်း ၁ နှင့် ၂ တို့၏ မတူညီနိုင်မှုကို လက်ခံသောငြင်းပယ်သူတို့ကိုလည်း တိုက်ခိုက်ခဲ့ပါသည်။

ကမ္ဘာဦးကျမ်း၏သမိုင်းဖြစ်မှုကို ငြင်းပယ်သောသူတို့သည် Ronald Number ၏စာအုပ်ကို ကိုးကားတတ်ကြပါ၏။ ၎င်းစာအုပ် The Creationist တွင် Number က ၆ ရက်အတွင်း ဖန်ဆင်းခြင်းသည် Adventist တို့အလိုကိုလိုက်ခြင်းသာ ဖြစ်သည်ဟုဆို၏။ ၎င်းအဆိုကို ၁၉၂၀ နှစ်များက McCready Price ကဆိုခဲ့သည်။ ဤအချက်သည် ယုံကြည်ရန်အခက်အခဲဆုံးဖြစ်သောဥပမာသာလျှင် ဖြစ်သည်။ ၎င်းအချက်က ဖော်ပြသည်မှာ နှစ်တို့မတိုင်ခင်က အသင်းတော်များသည် ဖန်ဆင်းခြင်းအရာကို လုံးဝမသိနားမလည်ခဲ့ကြောင်းပင်ဖြစ်သည်။ ထို့ကြောင့် ဤဖော်ပြချက်သည် မှားယွင်းကြောင်းနှင့်အသင်းတော်ဖခင်နှင့် ပြုပြင်ပြောင်းလဲရေးသမားတို့အဆိုသာလျှင် ပြည့်စုံလုံလောက်ကြောင်းထင်ရှားနေပါသည်။ ၁၈၀၀ နှစ်များက ဘူမိဗေဒပညာရှင် Dr. Terry Mortenson ကလည်း ကမ္ဘာဦးကျမ်းရှိ ရေလွှမ်းမိုးခြင်းနှင့်ကျမ်းစာလာနှစ်များကို လက်ခံခဲ့ပါသည်။

## ၁၃။ ဘုရားမဲ့ဝါဒီများက သဘာဝဖြစ်စဉ်ကိုလက်ခံကြပြီး ခရစ်ယာန်များကမူ ကမ္ဘာဦးကျမ်း၏သမိုင်းဖြစ်မှုကို လက်ခံရမည်ဖြစ်သည်။

မနုသဝါဒီ (ဘုရားမဲ့ဝါဒီ) များသည် လူနှင့်စကြာဝဠာတစ်ခုလုံး၏အစသည် သဘာဝဖြစ်စဉ်အတိုင်း ဖြစ်တည်လာသည်ဟုယုံကြည်ကြသည်။ နောက်ဆုံး version (III) က ဆင့်ကဲဖြစ်စဉ်ဝါဒစနစ်ကို အထိန်းအကွပ်မဲ့အဖြစ်ပြောလာသော်လည်း ဆင့်ကဲဖြစ်စဉ်သည် အဓိပ္ပာယ်အရ အထိန်းအချုပ်မဲ့ ဖြစ်ပါသည်။ ဘုရားရှိဝါဒသည်လည်း လမ်းပြမှုမရှိသောဖြစ်စဉ်ကို ဘုရားကလမ်းပြနေသည့် ဝါဒီသာဖြစ်သည်။

ဝါဒီကကျမ်းစာထဲ၌ ဘုရားသခင်ဖွင့်ဟခြင်းကို ငြင်းပယ်လျှက်ရှိပါသည်။

အင်္ဂလိပ်လူမျိုးဘုရားရှိဝါဒတိုက်ခံသူ Richard Dawkins က ဘုရားမဲ့ဝါဒကို Darwin က ဖြစ်နိုင်ချေဖော်ပြခဲ့သည်။ အခြားသူများကလည်း တူညီသောအချက်ကို ပြောနေကြပါ၏ဟုဆို၏။ အမေရိကန်နိုင်ငံသားဘုရားမဲ့ဝါဒီ Will Provine, Cornell ရှိ Biology professor က အောက်ပါအချက်ကို ဖော်ပြခဲ့၏။

"...... ခေတ်သစ် ဆင့်ကဲဖြစ်စဉ်ဝါဒီကိုလက်ခံခြင်းက ဘုရားမဲ့ဝါဒီလူသားများကို ရှိစေသည်။ Evolution Theory ကို လိုက်နာပါမှ လူတစ်ယောက်သည် ဘာသာရေးကို ရရှိနိုင်၊ ၎င်းသည် ဘုရားမဲ့ဝါဒီနှင့်ခွဲခြား၍ မရခြင်းဖြစ်သည်" ဟုဆို၏။

Evolutionary ကသာအစစ်အမှန်တွင် ဘုရားမဲ့ဝါဒီလူသားများကို ရှိစေသည်။ Harvard မှ ဇီဝပတ်ဝန်းကျင်ဆိုင်ရာပညာရှင်က ဤသို့ပြောခဲ့ပါသည်။

Albama မှ လူများကဲ့သို့ ကျွန်တော်သည် ပြောင်းလဲသောခရစ်ယာန်တစ်ယောက် ဖြစ်ပါသည်။ ကျွန်တော်အသက် ၁၅ နှစ်တွင် Southern Baptist ထောင်ပေါင်းနှစ်ခြင်း အသင်းတော်သို့ဝင်ခဲ့ပြီး၊ fundamental တို့၏ ဘာသာရေးကို စိတ်ဝင်စားစွာဖြင့် ဝင်ခဲ့ခြင်းဖြစ်ပါသည်။ ၁၇ နှစ်အရွယ်တွင်စွန့်ခွာခဲ့ပြီး တက္ကသိုလ်တွင် evolutionary theory ကို စတင်တွေ့ရှိခဲ့ပါသည်။

ဘုရားမဲ့ဝါဒီများအတွက် evolution က ၎င်းတို့၏ယုံကြည်မှုကို တည်တံ့စေပြီး

ဘုရားရှိသည်ဟူသော အချက်ကို ဖယ်ရှားစေပါသည်။ သို့ပါဝင် evolution theory နှင့် 'အချိန်ကန့်သတ်မဲ့' ခြင်းကို လက်ခံသော သူတို့က ဘုရားရှိဝါဒီကို တိုက်ခြင်းသည် အံ့သြစရာမကောင်းပေ။

ဆင့်ကဲဖြစ်စဉ် (စကြာဝဠာဘူမိနှင့်ဇီဝဆိုင်ရာ) (cosmic, geological နှင့် biological) တို့က အရာအားလုံး၏မူလအစကို ဘုရားမပါပဲ ရှင်းပြလိုကြပါသည်။ သို့ပါ၍ ၎င်းသည် သမ္မာကျမ်း စာသွန်သင်ချက်နှင့်ဆန့်ကျင်လျှက်ရှိပြီး ဘုရားသခင်က ဖွင့်ဟပြီးဖြစ်၍ ဘုရားသခင်၏စီရင်ချက်ကို မေးခွန်းထုတ်ရန် အကြောင်းမရှိပေ။ (ရောမ ၁း၁၈–၃၂)။ ထိုနည်းတူစွာ ရေလွှမ်းမိုးခြင်းကို ငြင်းပယ်သောသူတို့အား ဘုရားသခင်က လွှမ်းမိုးထားသည် (၂ ပေတရု ၃)။ နှစ်ပေါင်းများစွာကပင် တည်ခဲ့သောအမြင်ဘူမိဗေဒဆိုင်ရာ ရှင်းလင်းတင်ပြချက်များသည် ရေလွှမ်းမှုကို ငြင်းပယ်လျှက်ရှိသည်။

Evolution သည် အမှန်အားဖြင့်ဘာသာရေး အတွေးပင် ဖြစ်ပါသည်။ ကနေဒါနိုင်ငံသား သိပ္ပံဆိုင်ရာ အတွေးအခေါ်ပညာရှင်နှင့်ဖန်ဆင်းခြင်းအမှုကို ဆန့်ကျင်သူ Michael Ruse က "Evolution သည် သိပ္ပံနည်းပညာပတ်သက်ကြောင့်မဟုတ်ပဲ ၎င်း၏လက်တွေ့ဖြစ်ခြင်းက ပို၍ ထောက်ပံ့နေပါ၏။ Evolution သည် လူသားတို့၏ အကျင့်စာရိတ္တနှင့်အဓိပ္ပာယ်ကို ရှင်းပြနေသော ဘာသာရေးတစ်ရပ်ဖြစ်ကြောင်း ဖော်ပြနေပါသည်။ ကျွန်တော်သည် ယခင်က ခရစ်ယာန်၊ အလွန်တက်ကြွသော Evolution ဝါဒီသမားဖြစ်၍ Evolution သည် ဘာသာရေးဖြစ်သည်။ အစမူလကပင် Evolution သည် မှန်ကန်ခဲ့၍ ယနေ့တိုင် မှန်ကန်လျှက်ရှိသည်" ဟုဆိုခဲ့ပါသည်။

၎င်းသည် ခရစ်ယာန်ဖြစ်ခြင်းကို မှားယွင်းစွာအစားထိုးခြင်းပင်ဖြစ်ပါသည်။ ဗာလ (Baal) ဘာသာဝင်ဖြစ်နိုင်ပါသည်။ Ruse ၏ နောက်ပိုင်းစာအုပ်တွင် Darwin ၏အယူဝါသည် ခရစ်ယာန်ပင် ဖြစ်နိုင်သော်လည်း ၎င်းအလိုအရ ခရစ်ယာန်က ရှင်ပြန်ထမြောက်ခြင်းကို ငြင်းပယ်နိုင်သည်ဟုဆိုသည်။

## ၁၄။ ကမ္ဘာဦးကျမ်းကို သမိုင်းအဖြစ်လက်မခံခြင်းသည် မိစ္ဆာဓိဋ္ဌိအယူနှင့် Apostacy သို့ခေါ်ဆောင်လျက်ရှိသည်။

ကမ္ဘာဦးကျမ်းကို သမိုင်းအဖြစ်လက်မခံခြင်း၏ အကျိုးတရားကို ကျွန်ုပ်တို့ မြင်တွေ့ကြရပါသည်။ ၎င်းသည် တစ်ဦးတစ်ယောက်၊ မိသားစု၊ အသင်းတော်နှင့် နိုင်ငံတော်တိုင်အောင် ပျက်စီးခြင်းသို့ ရောက်ခြင်းပင်ဖြစ်သည်။

ယခုလက်ရှိ ဘုရားမဲ့ဝါဒီ Evolution ဝါဒကို လက်ခံသောသူတို့သည် ၎င်းတို့၏ဘိုးဘွားယုံကြည်ခြင်းသို့စွန့်လွှတ်ကြကြောင်းသိရှိနေကြပါသည်။ ဇီဝပညာရှင် E.O Wilson ဖော်ပြခဲ့သော အထက်ပါအချက်သည် အချက်အများကြီးထဲမှတစ်ခုသာလျှင် ဖြစ်ပါသည်။ Billy Graham ၏အဖွဲ့အစည်းမှယခင် Evangelist ဖြစ်သော Charles Templeton ကိုယ်တိုင် ၎င်း၏ယုံကြည်ခြင်းမှ နောက်ဆုတ်ခြင်းကို ကြည့်ပါလော့။ Templeton ကမေးခွန်းများစွာကို ထုတ်ခဲ့ပါသည်။ ကမ္ဘာဦးကျမ်းနှင့် သမိုင်းဆိုင်ရာများကို အသိဉာဏ်ပိုင်းဆိုင်ရာဖြင့် မေးခွန်းထုတ်ခြင်းဖြစ်ပါသည်။ လူ့ခံစားမှုသည် ဘုရားသခင်၏ လွတ်လပ်သောအချုပ်အခြာအာဏာကို ဆန့်ကျင်၍ ဘုရားသည် ဖန်ဆင်းရှင်ဖြစ်သောကြောင့် ဘုရားဖြစ်တော်မူ၏။

Victoria (Australia) ရှိ ငယ်ရွယ်သော ဓမ္မဆရာတစ်ယောက် ဤသို့ပြောခဲ့သည်။

အသက် ၁၆ နှစ်အရွယ်ရှိ ကျွန်ုပ်တို့၏လူငယ်များကို အဘယ့်ကြောင့်ဆုံးရှုံးခြင်း အံ့ဩထိတ်လန့်စွာ မိမိခေါင်းကို နံရံ၌တိုက်ပစ်ပါ၏။ လွန်ခဲ့သောနှစ်အနည်းငယ်က ၁၆ နှစ်အရွယ် (၁၀ နှစ်) များသည် Evolution ကို သင်ကြားခဲ့ကြပါသည်။ အချို့သောအရာများက ကမ္ဘာဦးကျမ်းနှင့် Evolution ၏အနှစ်သာရတို့၏ ကွဲပြားခြားနားမှုကို ကျောင်းသားများအား ကောင်းစွာမရှင်းပြတတ်ကြောင်း ကျွန်တော် ကျောင်းသားများဆီမှသိရှိခဲ့ရပါသည်။ ထို့ကြောင့် သူတို့ကို ဆုံးရှုံးရခြင်းအပေါ် မအံ့ဩတော့ပါ။ ဤအချက်ကို စဉ်းစားရင်း မျက်ရည်ဝဲခဲ့ရသည်ဟုဆိုလေ၏။

၁၉၆၀ နှစ်ခန့်မှ ဩစတြေးလျ၊ အင်္ဂလန်နှင့်အမေရိကန်နိုင်ငံတို့တွင် ကျောင်း၌ Evolution သီအိုရီကို စတင်သင်ကြားခြင်းကြောင့် အနောက်တိုင်းရှိ အသင်းတော်များ

တစ်ဖြည်းဖြည်းဆုတ်ယုတ်လာခြင်းဆိုသည် အချက်သည် တိုက်ဆိုင်မှုရှိပါသလား။ ကွန်မြူနစ်ဝါဒထွန်းကားသောအချိန်က ၎င်း၏ယုံကြည်ခြင်းကြောင့် ထောင်ကျခဲ့ရသော Romanian Baptist Pastor Josef Ton က ပြောရာတွင် အနောက်ဥရောပနိုင်ငံများရှိ ခရစ်ယာန်အသင်းတော်ကို ဖျက်ဆီးသောအကြောင်းချက်နှစ်ချက်ရှိသည်။ တစ်ချက်သည် Evolution သီအိုရီဖြစ်ပြီး နောက်တစ်ခုက Liberation Theology ဖြစ်၏။ Liberation Theology ကလည်း Evolution တို့၏ အမြင်အတိုင်းကျမ်းစာကို ရှုမြင်ကြသည်ဟုဆိုခဲ့ပါသည်။

လောကပညာမှလည်း ၎င်းအဆိုကို တွေ့ရပါသည်။ F.Sherwood Taytor (Curator of the Museum of the History of Science, Oxford) က ဤသို့ဆို၏။

"...... အင်္ဂလန်နိုင်ငံ၌ geology နှင့် theology of evolution က ခရစ်ယာန်မှဘာသာမဲ့သို့ ကျွန်ုပ်တို့အားပြောင်းသွားစေခြင်းအတွက် မိမိကိုယ်ကို အံ့ဩမိသည်"...... ဟူ၏။

Australia နိုင်ငံရှိ အသင်းတော်များသည်လည်း ကမ္ဘာဦးကျမ်း၏ အစပထမပိုင်းကို အာဏာရှိသော ကျမ်းချက်များအဖြစ်လက်မခံခြင်းက မိမိတို့၏အသင်းတော်ကို ဖျက်ဆီးနေပါသည်ဟုဆိုကြသည်။

US မှာဆိုရင် Princeton University သည် ပုံဥပမာတစ်ခုဖြစ်ပါသည်။ Prebyterian ကျမ်းတက် ပုဂ္ဂိုလ်ကြီးက Charles Hodge ကမ္ဘာမြေကြီး၏ နှစ်ပေါင်းရှည်ကြာမှုသည် မောရှေ၏အရေးအသားကို မှီလျှက်ယုံကြည်နေကြသည်။ သို့သော် သိပ္ပံနည်းပညာကိုလည်း သူကယုံကြည်၍ ၎င်းနည်းစနစ်အတိုင်း ကျမ်းစာကို တွက်ချက်နားလည်၏။ သူသည် Darwinisim ၏ အစွန်းရောက်ဘုရားမဲ့ဝါဒီကို တိုက်သော်လည်း ၎င်းဝါဒီကို လက်ခံကြောင်း တွေ့ရှိရပါသည်။ သူ၏သားနှင့်ဆက်ခံသူ A.A. Hodge ကလည်း နှစ်သန်းပေါင်းများစွာဖြစ်မှုကို လက်ခံ၍ ဘုရားရှိ Evolution ဝါဒီသမား ဖြစ်ပါသည်။ သူ့နေရာဆက်ခံသူ B.B. Warfield (သူသည် fundamental

ဝါဒီ၌ အစွန်းရောက်သူအဖြစ်သိရှိရသော်လည်း) သမ္မာကျမ်းစာကို နည်းစနစ်အားဖြင့် ပြန်လည်ဆန်းစစ်လိုပြီး မိမိကိုယ်ကို Darwinism ဟုခေါ်ဆိုပါသည်။ နောက်ပိုင်းမျိုးဆက်များသည်လည်း Darwinism ကို လက်ခံထားသည် သက်သက်မဟုတ်ပဲ ကျမ်းစာ၏ အခွင့်အာဏာရှိမှုကိုပင် မေးခွန်းထုတ်လိုကြပါသည်။ သို့ပါ၍ Conservative ဝါဒီ J.Gresham Machen တို့ပင်ပျက်ဆီးခဲ့ပြီး ၁၉၂၉ တွင် Westminster Theological Seminary ကို တည်ထောင်ခဲ့ပါသည်။ Princeton သည် ကျမ်းစာကာကွယ်သောကျောင်းအဖြစ်ပြော၍ မရပါတော့ချေ။

အီဗန်ဂျီလေကန် (Evangelical) ကျမ်းတက်ဆရာကြီးများက သိပ္ပံနည်းပညာသည် Evolution သီအိုရီနှင့် နှစ်ပေါင်းများစွာဖြစ်တည်မှုကို လက်ခံကျသဖြင့် ကမ္ဘာဦးကျမ်းကို ပြန်လည်လေ့လာရန် လိုအပ်သည်ဟုဆိုကြပါသည်။ ထိုအချိန်မှာပင် Liberal ကျမ်းတတ်ဆရာကြီးများကို တိုက်ခိုက်ကြပါသည်။ သို့ရာတွင် ဤအချက်ကို Liberal များက ပို၍နှစ်သက်ကြပါ၏။ ယေရှုခရစ်တော်၏ Virgin birth နှင့် ရှင်ပြန်ထမြောက်ခြင်းသည် သိပ္ပံပညာက ဤကဲ့သို့သောလက္ခဏာများကို လက်မခံသဖြင့် ၎င်းတို့သည် သမိုင်းတွင်ဖြစ်ခဲ့သော အချက်အဖြစ်လက်မခံကြပါ။ ကျွန်ုပ်တို့ ခေတ်ကာလိပ်ရှိ Evangelical များသည် ကမ္ဘာဦးကျမ်းကို ရိုးရှင်းစွာလက်မခံဟုဆိုကြခြင်းအားဖြင့် အခြားသော ကျမ်းပိုဒ်များကိုလည်း ရှင်းပြခြင်းများသည်လည်း မကောင်းဟုမဆိုနိုင်ပေ။

## ၁၅။ ကမ္ဘာဦးကျမ်းကို ဘာ့ကြောင့်သမိုင်းအဖြစ်လက်မခံသနည်း။ သိပ္ပံနည်းပညာအားဖြင့် မှားယွင်းစွာထင်ကြေးပေးခြင်းတစ်ရပ်ကသာ ဤအချက်၌ ရပ်တည်သည်။

Wheaton College ရှိ ဇီဝဆိုင်ရာပါရဂူ Dr. Pattlle Pun (၎င်းသည် အချိန်များစွာဖြစ်တည်ခဲ့မှုကိုလက်ခံ) က အခြားသောခေတ်သစ် Evangelical ဆရာများပြောသကဲ့သို့ ဤသို့ပြောခဲ့ပါသည်။

ဘုရားသခင်က ကောင်းကင်နှင့်မြေကြီးကို ၆ ရက်အတွင်း ဖန်ဆင်းခြင်း၊ လူကို ခြောက်ရက်မြောက်၌ဖန်ဆင်းခြင်း၊ အာဒံနှင့်ဧဝတို့အပြစ်၌လဲကျပြီး ကမ္ဘာ၌အပြစ်နှင့်

သေခြင်းဝင်ရောက်လာခြင်းနှင့်ကျောက်ဖြစ်ရုပ်ကြွင်းစသည်တို့သည် သိပ္ပံနည်းပညာနှင့် ချင့်ချိန်လက်ခံမှုမရှိပဲလေ့လာခြင်းသည် ကြီးမားလှသော လှည့်စားခြင်းဖြစ်ပါသည်။ နောတေို့မိသားစုနှင့်တိရိစ္ဆာန်များသာ အသက်ရှင်ကျန်ရစ်ခြင်းလည်း ပါဝင်သည်။

Augustine ၏အဆိုအရ ဤအဆိုသည် ကျမ်းစာ၏အခွင့်အာဏာရှိမှုမှလွဲဖယ်၍ ပြင်ပအမြင်မှ ရှုမြင်ခြင်းသာလျှင် ဖြစ်ပေသည်။ Dr. Pun ၏အဆိုအတိုင်း Evangelical နှင့်သိပ္ပံပညာတတ်ပုဂ္ဂိုလ်အများတို့မှ အဆိုပြုရှိပေသည်။

၎င်းအဆိုကို ဆန့်ကျင်လျှက် Dr. John Mach Arthur ဆိုသည် အမေရိကန်မှ Evangelical Theologian နှင့်တရားဟောဆရာမှဤသို့ဆိုခဲ့သည်။

သိပ္ပံပညာမဟုတ်ပဲ ကျမ်းစာကသာအမှန်တရားအထွတ်အထိပ်ကို ဖော်ပြသည်။ Evangelical ၏အဆိုများသည်လည်း ၎င်းအချက်၌ မူတည်သည်။

## သိပ္ပံပညာဆိုတာဘာလဲ

ဤစာအုပ်ငယ်ကလေးက သိပ္ပံနည်းပညာအကြောင်းကို မဆွေးနွေးပါ။ Theology သည် သိပ္ပံပညာ၏ ဘုရင်မဖြစ်သည်။ University of Washington ၌အချိန်ကြာမြင့်စွာ လူမှုဆိုင်ရာပါရဂူနှင့် ဘာသာရေးနှိုင်းယှဉ်ခြင်း အလုပ်ကိုလုပ်သော Rodney Stark က ဤသို့ရေးခဲ့၏။

"ဘာသာရေးနှင့်သိပ္ပံပညာတွင် အငြင်းပွားမှုမရှိဟုကျွန်ုပ်မပြောလိုပါ။ သို့ရာတွင် ခရစ်ယာန်သီအိုရီလိုဂျီသည် သိပ္ပံပညာပေါ်ထွန်းလာရန် မရှိမဖြစ်လိုအပ်ပါသည်။ ဤအချက်ကို ဖော်ပြရာတွင် အမှောင်လွှမ်းသောခေတ်ကို ဘာသာရေးကသာ ပြောခဲ့သည်မဟုတ်။ ရောမကျရှုံးပြီးနောက် ဥရောပနိုင်ငံများသို့ အမှောင်ရောက်ရှိခဲ့သည် ဆိုသည့်ပုံပြင်သည် Columbus ပုံပြင်ကဲ့သို့ စိတ်ကူးယဉ်ဆန်သောပုံပြင်များသာဖြစ်သည်။ သိပ္ပံနည်းပညာ ထွန်းကားလာသောချိန်သည် အမှန်တစ်ကယ်ရှိခဲ့ပါသည်။ ၁၆ ရာစုက သိပ္ပံဆိုင်ရာ တော်လှန်ရေးပေါ်ထွန်းလာခဲ့သည်။ အကြောင်းမှာ ၁၁ ရာစုမှခရစ်ယာန်ပညာရှင်များကြောင့် သာဖြစ်သည်။ အဘယ့်ကြောင့် ဥရောပ၌သာ သိပ္ပံပညာတိုးတက်၍ အခြားသောဒေသ၌ မထွန်းကားပါသနည်း။ ခရစ်ယာန် theology မှသာလျှင် ၎င်း၏ အဖြေကို တွေ့ရှိခဲ့သည်။

သိပ္ပံက နဂိုမှန်အဆိုပြုခြင်းကို ကြိုတင်သိရှိခြင်းမရှိပဲ ကောက်ချက်ချခြင်းသည် အံ့ဩစရာမဟုတ်ပါ။

၁။ ဤကမ္ဘာပါဝင်သည့် စကြာဝဠာကြီးသည် အစစ်အမှန်ဖြစ်၏။ (အဘယ်ကြောင့်ဆိုသော် ဖန်ဆင်းခဲ့ခြင်းကြောင့်ဖြစ်သည် – က–၁) အရှေ့တိုင်း၏ထူးခြားနက်နဲသော ဉာဏ်အမြင်ကို ယုံကြည်သက်ဝင်မှု (mysticism) ကြောင့် မဟုတ်ပါ။

၂။ ကမ္ဘာစကြာဝဠာကြီးသည် စနစ်တကျဖြစ်ရခြင်းမှာ ဘုရားသခင်သည် စနစ်ကျသော ဘုရားဖြစ်သောကြောင့် ဖြစ်သည် (၁ ကောရိသု ၁၄း၃၃)။ သို့ရာတွင် ဖန်ဆင်းရှင်မရှိလျှင် (သို့) Zeus နှင့်နောက်လိုက်များက ဦးဆောင်သူဖြစ်ခဲ့လျှင် အဘယ့်ကြောင့်စနစ်တကျ ဖြစ်ခဲ့ရမည်နည်း။ အရှေ့တိုင်းဘာသာအချို့မှန်ကန်ခဲ့လျှင် ၎င်းတို့အဆို ကမ္ဘာစကြာဝဠာ ကြီးသည် စိတ်ကူးသက်သက်သာဖြစ်သည်အတိုင်း တစ်ချိန်ချိန်၌ ၎င်းတို့၏ စိတ်ကူးသည် ပြောင်းလဲရမည်သာဖြစ်သည်။

၃။ လူသားသည် ကမ္ဘာကြီးကို စုံစမ်းလေ့လာနိုင်သောအစွမ်းကို ပေးရခြင်းမှာ ၎င်းတို့ကို အုပ်စိုးရသော အခွင့်ပေးသောကြောင့်ဖြစ်သည် (ကမ္ဘာဦး ၁း၂၈) ဖန်ဆင်းခံအရာသည် ဘုရားမဟုတ်ပါ။

၄။ လူသားသည် အတွေးနှင့်အလုပ်ကို အစပြုနိုင်ပါသည်။ သူတို့သည် ဓာတုဗေဒနိယာမ အပြည့်အဝအဆုံးအဖြတ်မပေးပါ။ လူသားသည် ရုပ်ဝတ္ထုပစ္စည်းနှင့် ရုပ်ဝတ္ထုမဟုတ်သော အရာကို ပိုင်ဆိုင်သည်ဆိုသော ကျမ်းစာလာအချက်ကို ဖျက်ဆီးခြင်းပင်ဖြစ်သည်။ (ဥပမာ ကမ္ဘာဦး ၃၅း၁၈၊ ၁ ရာဇဝင် ၁၇း၂၁–၂၂၊ မဿဲ ၁၀း၂၈)။ လူသားသည် ရုပ်နာမ်သက်သက် မဟုတ်ပါ ဆိုသောအချက်ကဖော်ပြသည်မှာ ၎င်းသည်ရုပ်ဝတ္ထုမဟုတ်၍ ၎င်း၏အတွေးသည် သူ၏ဦးနှောက်သက်သက်ဖြင့် အုပ်စိုးချယ်လှယ်နေသကဲ့သို့မဟုတ်ပါ။ သို့ရာတွင် ရုပ်နာမ်ဆိုင်ရာ အဆိုမှန်ကန်ခဲ့လျှင် ဦးနှောက်သည် ဓာတုဗေဒနိယာမ၏အုပ်စိုးခြင်းခံရပြီး အတွေးသည်လည်း epiphenomenon သက်သက်သာလျှင်ဖြစ်ရမည်။ ထို့ကြောင့် ရုပ်နာမ်နိယာမများသည် ဦးနှောက်ဓာတု၏ နိယာမ၏ အုပ်စိုးမှုကို ခံရသည်။ သို့ဖြစ်လျှင် ၎င်းတို့၏အဆိုကို အဘယ်ကြောင့်သင်နှင့်ကျွန်ုပ်ယုံကြည်ရမည်နည်း။ ၎င်းတို့ ဓာတုဗေဒ

နိယာမသည် တစ်ခါတစ်ရံများယွင်းတတ်ကြောင့်လည်းသိပြီးဖြစ်ပါသည်။ ထို့ကြောင့် ရုပ်နာမ်ဝါဒမှန်ကန်ခဲ့လျှင် သူတို့၏ယုံကြည်မှုကို ၎င်းတို့ကိုယ်တိုင်မကူညီနိုင်ပါ။ တစ်ခါတစ်ရံလွတ်လပ်စွာတွေးခေါ်သူများဟု သူတို့ကိုယ်သူတို့ဆိုကြပါသည်။

၅။ လူသားသည် ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်းနှင့်ယုတ္တိကျစွာတွေးခေါ်နိုင်စွမ်းရှိပါသည်။ ၎င်းယုတ္တိကျစွာတွေးခေါ်မှုသည်လည်း ၎င်းတို့၏ရည်မှန်းချက်ဖြစ်သည်။ လူသားသည် ဘုရားသခင်၏ပုံသဏ္ဍာန်အတိုင်းဖန်ဆင်းသည် (ကမ္ဘာဦး ၁း၂၆–၂၇) ဟူသောအချက်ကို ဖျက်ဆီးနေခြင်းဖြစ်သည်။ ယေရှုသည် Trinity ရှိဒုတိယပုဂ္ဂိုလ်နှင့် နှုတ်ကပတ်တော် (logos) ဖြစ်မှုကိုလည်းဖျက်ဆီးသည်။ ဤယုတ္တိရှိစွာ စဉ်းစားနိုင်စွမ်းသည် အပြစ်၌လဲကျခြင်းကြောင့် ထိခိုက်မှုရှိသော်လည်း လုံးဝပျောက်ဆုံးပျက်ဆီးခြင်းသို့မရောက်။ အပြစ်၌လဲကျခြင်း၏အဓိပ္ပာယ်မှာ တစ်ခါတစ်ရံတန်ဖိုးမရှိ၍ တစ်ခါတစ်ရံအသုံးပြုနိုင်ခြင်းဖြစ်သည်။ သို့ပါ၍ ကျမ်းစာထဲမှဘုရားသခင်၏ဖွင့်ဟချက်မဟုတ်ပဲ စိတ်ကူးယဉ်ခြင်းသည် လုံးဝယုံကြည်စိတ်ချနိုင်စရာမရှိပါ။ Evolution ဖြစ်စဉ်မှန်ခဲ့လျှင် အသက်ရှင်နိုင်ရန်ရွေးချယ်ထားမှုရှိရမည်ဖြစ်ပြီး ဆင်ခြင်းတုံတရားရှိရန်မလိုအပ်ပေ။

၆။ ထွက်ပေါ်လာသောအချက်ကို စစ်မှန်စွာပြောရမည်။ အဘယ်ကြောင့်ဆိုသော မှားယွင်းသောသက်သေမပြုရန် ဘုရားသခင်ကတားမြစ်ထားသည် (ထွက်မြောက်ရာ ၂၀း၁၆)၊ Evolution မှန်ခဲ့လျှင် အဘယ်ကြောင့်မှသာဆိုရမည်နည်း။ ယခုခေတ်သိပ္ပံနည်းပညာသည် စီးပွားရေးနှင့်နိုင်ငံရေးတွင် လိမ်လည်မှုအဖြစ်ရှိနေခြင်းမှာပြဿနာပင်ဖြစ်ပါသည်။

ပြုပြင်ပြောင်းလဲခြင်းခေတ်မှီသိပ္ပံပညာပေါ်ထွန်းလာခြင်းသည် မတော်တဆမဟုတ်ပါ။ နိုင်ငံတိုင်း၌ သမ္မာကျမ်းစာကို စိတ်ဝင်စားဖွယ်လေ့လာရာမှအစပြုခဲ့ခြင်းပင်ဖြစ်ပါသည်။ နိုင်ငံတို့၌ သမ္မာကျမ်းစာကိုသာ အမှီပြုသော ခရစ်ယာန်ကျန်ရှိနေခြင်းသည် မတော်တဆကိစ္စမဟုတ်ပါ။ US နိုင်ငံသည် သိပ္ပံနည်းပညာကိုသုံးလျှက် ခရစ်ယာန်ယုံကြည်ခြင်းကို လက်ခံသောနိုင်ငံတွင် ဦးဆောင်ပါသည်။ ကျောင်း၌ evolution သီအိုရီသင်ကြားခြင်းအားပိတ်ပင်သည့်အချိန်တွင် US နိုင်ငံသည်အခြားနိုင်ငံများထက် ဤဘာသာရပ်တွင် Nobel ဆုရရှိအောင် ပို၍ ကျောင်းများက မွေးထုတ်ပေးခဲ့သည်။ အမေရိကန်နိုင်ငံသည် physiology

နှင့်ဆေးပညာရပ်ဆိုင်ရာ၌ ၂ ကြိမ် Nobel ဆုရရှိအောင်ပုဂ္ဂိုလ်ကိုမွေးထုတ်ပေးခဲ့သည်။ ဤဘာသာရပ်သည် evolution ကိုမသိပဲ သင်ယူ၍မရပေ။

ဘုရားသခင်၏နှုတ်ကပတ်တော်စကားကို လက်မခံလျှင်၊ သမ္မာကျမ်းစာသည် ဘုရားသခင်၏နှုတ်ကပတ်တော်အဖြစ်လက်မခံလျှင် ဤအချက်ကို ဆွေးနွေးရန်မဖြစ်နိုင်ပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို လက်ခံပြီး နားလည်လျှင် သမိုင်းဖြစ်ရပ်မှန်ကို ပြန်လည်လေ့လာရှင်းပြနိုင်မည်ဖြစ်ပါသည်။

## မူလအစနှင့်သိပ္ပံဆိုင်ရာလည်ပတ်မှု

သိပ္ပံဘာသာရပ်၌ သမိုင်းဆိုင်ရာနှင့်ယနေ့ကမ္ဘာ၌လည်ပတ်နေသော သိပ္ပံပညာဟူ၍ နှစ်မျိုးကွဲပြားနေပါသည်။ သိပ္ပံဆိုင်ရာလည်ပတ်မှုနှင့်ဆိုင်လျှင် သင်သည်လက်တွေ့သုတေသန (စမ်းသပ်မှု)ကိုလုပ်နိုင်ပြီး သမိုင်းဆိုင်ရာသိပ္ပံပညာကိုမူ လုပ်နိုင်မည်မဟုတ်ပါ။ ၄င်းသမိုင်းက အတိတ်ကဖြစ်ရပ်ကို ပြန်လည်ဖြစ်ပေါ်စေသည်။ ဘာသာရေးဆိုင်ရာယုံကြည်မှုသည် ကိစ္စမရှိပါ။ ရေသည် ပေးထားသောအပူချိန်ရောက်လျှင် ဆက်လက်ဆူပွက်နေပါ၏။ သို့ရာတွင် ဘာသာရေးဆိုင်ရာ သင်၏ယုံကြည်ချက်သည် သမိုင်းနှင့်မူလအစနားလည်မှု အပေါ်အကျိုးသက်ရောက်နေပါသည်။ ခေတ်နှောင်းဘုရားမဲ့ဝါဒီ Stephen Jay Gould က ဤအတွေးအခေါ်ကိုလက်ခံပြီး ပြောရာတွင် ဖြစ်ရပ်မှန် (fact) သည် ကမ္ဘာ့အချက်အလက်များ၌ ပါဝင်သည်။ သီအိုရီများက ၄င်းဖြစ်ရပ်မှန်ကို ရှင်းပြပေးသော ပုံစံများသာဖြစ်သည်ဟူ၏။

တစ်ဖက်စွန်းရောက်မှုကား ဤအပိုင်းကို မောင်းနှင်သည်။ သမိုင်းဖြစ်ရပ်မှန်သည် မိမိအတွက်စကားမပြောပါဟု ယနေ့အတွေးအခေါ်ပညာရှင်များက လက်ခံကြပြီး ၄င်းအချက်ကို လေ့လာရှင်းလင်းရမည်ဟုဆိုကြပါသည်။ ယနေ့အခြေအနေတွင် ရှင်းလင်းတင်ပြခြင်းသည် သဘာဝဖြစ်စဉ်အစစ်အမှန်ဖြစ်သည်။ ဤအယူအဆတွင် ဘုရား (god) နှင့်ကောင်းမှုစာရိတ္တများသည် စည်းအပြင်၌မရှိပဲ ၄င်းတွင် သဘာဝ (nature) ရှိသည်။ ဤအချက်ကို အောက်ပါအချက်က ထောက်ခံနေပါသည်။ ပညာရှင်များ၏လုပ်ဆောင်ချက်အားလုံးသည် သိပ္ပံပညာမပါဝင်ခြင်းမရှိရခြင်းမှာ ၄င်းသည် သဘာဝဆိုင်ရာမဟုတ်သော

ကြောင့်ဖြစ်ပါသည်။

Harvard University ၌ President လုပ်ခဲ့ဖူးသော James Conant က သမိုင်းဆိုင်ရာ သိပ္ပံကို ဤသို့ဆို၏။

အတိတ်ကို ဆွေးနွေးသောသိပ္ပံသည် အသိပညာရှေ့တွင် တားဆီးခြင်းခံရသည်။ ထို့ကြောင့် အချို့မကျဆန်းပြားသော နှစ်ပေါင်းထောင်ပေါင်းများစွာ ရေတွက်ခြင်းသည် မရေရာပေ။ ၎င်းသည် စိတ်ကူးယဉ်အိပ်မက်ဆန်၍ 'သမိုင်းလည်းမဟုတ် သိပ္ပံပညာလည်း မဟုတ်' ဟုဆိုခဲ့ပါသည်။

လက်တွေ့စမ်းသပ်ချက်များတွင် အတိအကျဆိုတာ ဘာမှမရှိ၊ ကျမ်းစာနှင့်လည်း ဆန့်ကျင်နေပါသည်။ သမိုင်းဆိုင်ရာသိပ္ပံတွင် မှန်းဆခြင်းသည်ပါဝင်ပြီး ၎င်း၌ပြဿနာ ရှိစမြဲပင်။

ယောဘထံသို့ဘုရားသခင်မြွက်ကြားခဲ့သည်အတိုင်း "ငါ့မေးမြန်းသောပြဿနာတို့ကို ဖြေလော့။။ မြေကြီးအမြစ်ကို ငါတည်သောအခါ သင်သည် အဘယ်မှာရှိသနည်း။။ နားလည်လျှင် ဖော်ပြလော့။" (ယောဘ ၃၈း၄) ဖြစ်သည်။ ထိုအချိန်၌ paleontologist တို့ geologist တို့ဆိုတာမရှိကြသေးပါ။ ယနေ့ရှိ အစအနအပိုင်းအစမှ အတိတ်မှ ဖြစ်ခဲ့သောအချက်ကို တွက်ချက်ကြခြင်းသာဖြစ်သည်။

Evolution သီအိုရီကို သင်လက်ခံ၊ လက်မခံဆိုသောအချက်က အဓိကကျပါသည်။ ခရစ်ယာန်သည် ဖွင့်ပြချက်ကို လက်ခံပြီး၊ ဖန်ဆင်းမှု၌ ဘုရားသခင်သာရှိခဲ့၍ အခြားမည်သူမျှ/ဘာမျှမရှိပါ။ ဖန်ဆင်းခြင်းအမှုပြုလုပ်ချိန်နှင့်မည်ကဲ့သို့ပြုလုပ်သွားခဲ့သည်ကို ဖွင့်ပြခဲ့သည်။ ပရဒိသုဘုံအကြောင်းကိုလည်း ဖွင့်ပြခဲ့ပြီး ၎င်းအချက်ကို သူ၏ဖွင့်ပြချက်မှသာ သိရှိနိုင်ပါသည်။ သို့ရာတွင် အပြစ်သည် ၎င်းကို ဖျက်ဆီးပါသည်။ ပရဒိသုဘုံအသစ်ကို ပေးမည့်ကယ်တင်ရှင်အသစ်၊ နောက်ဆုံးအာဒံကို ယုံကြည်သူများ မျှော်လင့်ကြခြင်း ဖြစ်ပါသည် (ဗျာဒိတ် ၂၁–၂၂)။

Systematic theologian Louis Berkhof က သမ္မာကျမ်းစာ၏အရေးကြီးချက်ကို ဤသို့အနှစ်ချုပ်၍ ရေးခဲ့သည်။

“အစပထမ၌ ဘုရားသခင်သည် ဖန်ဆင်းခြင်း၌ဖွင့်ဟခဲ့သည်။ သို့ရာတွင် အပြစ်ကြောင့် မူလအစဖွင့်ဟချက်သည် မှေးမှိန်ခဲ့ရသည်။ သို့ဖြစ်၍ အပြစ်၌လဲကျပြီးမှ ရရှိသော အရာများသည် မလုံလောက်ခဲ့ပါ။ သမ္မာကျမ်းစာထဲရှိဘုရားသခင်၏ဖွင့်ဟချက်သာလျှင် လုံလောက်ပေသည်။ ဘုရားသခင်ကို သိရှိနားလည်ခြင်းအရာသည်လည်း စစ်မှန်၍ မှားယွင်းခြင်းမှကင်းလွတ်၍ အပြစ်သားများအတွက် လိုအပ်သော ဝိညာဉ်ရေးဆိုင်ရာမေးခွန်း များကိုလည်း အဖြေပေးတော်မူ၏။ ......အချို့အချက်များသည် ဘုရားသခင်၏ သာမန်ဖွင့်ဟချက်၌ ပါဝင်ပြီး ၎င်းသည်လည်း သဘာဝပိုင်းဆိုင်ရာများသည် သမ္မာကျမ်းစာမှကြည့်၍ သိရှိခြင်းက ပို၍မှန်ကန်ကြောင်းတွေ့ရှိရပါသည်။

(သမိုင်းဆိုင်ရာသိပ္ပံပညာရပ်၌ ပြဿနာများရှိနေလျှင် Refuting Compromise ဆိုသော စာအုပ်ကို ဖတ်ရှုပါရန်။)

## အဘယ့်ကြောင့်ဤသို့ဖြစ်ရသနည်း။

ကမ္ဘာဦးကျမ်းကို သမိုင်းအဖြစ်လက်ခံသော သူများက ‘သို့ရာတွင် ၎င်းကိုခွဲခြားခြင်း မဟုတ်ပါ’ ဟုပြောတတ်ကြပါသည်။ သို့သော် တမန်တော်ရှင်ပေါလု၏ အလိုအရ ကွဲပြားခြားနားခြင်းက သမ္မာကျမ်းစာနှင့်ဆန့်ကျင်သောအယူဝါဒကိုဖြစ်စေပြီး ကမ္ဘာလုံး ရေလွှမ်းမှုကို သရော်ထားသူများပါဝင်သည်။

ဘုရားမဲ့ဝါဒီအတွေးအခေါ်ပညာရှင် Daniel Dennett က သူ၏စာအုပ် Darwin’s Dangerous Idea တွင် Darwin ၏အယူဝါဒကို ဖော်ပြရာ၌၎င်းအယူဝါဒသည် စကြာဝဠာအက်ဆစ်ကြီးဖြစ်ပြီး အစဉ်အလာများကို ဖျက်ဆီးပါသည်။ Darwin ၏အယူဝါဒလွှမ်းမိုးခြင်းခံရသော Marx, Stalin, Mao, Ceausescu, Kim 11-sung, Pol pot, Hitler နှင့် eugenies movement တည်ထောင်သူ (Darwin ၏တူ Francis Galton) တို့ကို ကျွန်တော်တို့ကြည့်ရပါမည်။ ဖော်ပြပါ Darwin ၏မျိုးဆက်များသည် လူ ပေါင်းသန်းပေါင်း ၁၀၀ ကျော်ကို သတ်သေခဲ့ကြပါသည်။ စိတ်မချမ်းမြေ့စရာများကို ဖြစ်ပေါ်စေခဲ့ကြပါသည်။ ထိုနည်းတူစွာ ဩစတြေးလျသား Peter Singer (ယခု US ရှိ Princeton University ၌ စာပေသင်ကြားနေသည်၊

ထိုနေရာ၌ Hodges နှင့် Warfied တို့လည်း သင်ကြားမှုပေးခဲ့) သည်လည်း ကလေးငယ်မြောက်မြားစွာကို သူ၏ "bioethieist" ဝါဒဖြင့် သတ်သေနေပြီး လူကြီးမြောက်မြားစွာကိုလည်း အဓိပ္ပာယ်မဲ့ ရှင်သန်စေပါသည်။ ဤအချက်ကို ဘုရားမဲ့ဝါဒီအားလုံးက မနှစ်သက်သော်လည်း လက်တွေ့၌အမှန်တစ်ကယ် ဖြစ်ပျက်နေပါသည်။

ဤအချက်က ဆင့်ကဲဖြစ်စဉ်မှားယွင်းကြောင်း သက်သေမပြသော်လည်း စကြာဝဠာကြီးသည် ဆင့်ကဲဖြစ်စဉ်အရဖြစ်ပေါ်လာခဲ့လျှင် သူတို့၏အမြင်နှင့်အကျိုးသက်ရောက်မှုသည် ယုတ္တိရှိစွာပေါ်ထွန်းလာရမည်ဖြစ်ပါသည်။ ယေရှုက သူတို့၏အသီးအပွင့်မှ သင်တို့သိရှိလိမ့်မည်ဟုပြောထားခဲ့သကဲ့သို့ လူသားပုဂ္ဂိုလ်ကို မကြည့်ပဲ သူတို့၏အသီးအပွင့်ကို ကြည့်ရမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏အဆိုက ဘုရားမဲ့ဝါဒီများသည် ကောင်းမွန်စွာမနေထိုင်ဟုမဆိုလိုပါ။ သို့ရာတွင် သူတို့၏ကောင်းမှုများသည် ရည်မှန်းချက်မရှိပေ။

ခရစ်ယာန်ယုံကြည်သူများသည် ဤကဲ့သို့သောလောကီအမြင်၌ ပါဝင်ခြင်းမရှိရပါ။ ခရစ်ယာန်ယုံကြည်မှုကို လောကီအမြင်ဖြင့် အစားမထိုးရပါ။ ၎င်းသည် ခရစ်တော်ကို တိုက်ခိုက်ခြင်းဖြစ်၍ ၎င်းတို့၏မျိုးဆက် ကလေးသူငယ်များကို ဖျက်ဆီးနေခြင်းဖြစ်ပါသည်။ ဖန်ဆင်းရှင်၏ဖွင့်ဟချက်အပေါ်မှီတည်၍ ယုံကြည်သူတို့က လောကီ (ကမ္ဘာ) ကို ရှုမြင်ရမည်ဖြစ်ပါသည်။ မာတင်လူသာက (ကမ္ဘာဦး ၁း၁) မှစ၍ ဘုရားသခင်၏နှုတ်ကပတ်တော်အခွင့်အပေါ်၌ ကျွန်ုပ်ရပ်တည်သည်ဟုဆိုခဲ့ပါသည်။ ဖန်ဆင်းရှင်မဟုတ်သောအခွင့်အာဏာအပေါ် မှီတည်နေခြင်းသည် အဆုံးမရှိပျက်ဆီးသော အသက်တာ၌ ပျော်မွေ့နေခြင်းပင်ဖြစ်ပါတော့သည်။

**ykb&Skuqufb , &efvyfm**

**Gospel Outreach Mission**
247 Bogyoke Street, POBox 526, Yangon, Myanmar.
Printed in partnership with **Creation Ministries International**
15 Reasons To Take Genesis as History_Bur - 02/12

**toif;awmfwif;ueftwf**